# ကြေးမုံ

The Mirror

၁၃၇၀ ပြည့်နှစ်၊ ဦးတန်ခူးလပြည့်၊ တနင်္ဂနွေနေ့၊ (20-4-2008) (၅၆၅၄)


**မာတာပိတု ဥပဋ္ဌာန် တေ မင်္ဂလ မုတ္တမံ**

မိဘကို လုပ်ကျွေးပြုစုခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

● **အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။**

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာ ရုပ်တော်မူဘုရားကြီးအား ဖူးမြော်ကြည်ညို



နေပြည်တော်    ဧပြီ    ၁၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ခတက္ကန်တောင်ကျေးရွာရှိ မဟာဗောဓိတစ်ထောင် ကျောင်းတိုက်၌ တည်ထားကိုးကွယ်သည့် မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာ ရုပ်တော်မူဘုရားကြီးအား ဖူးမြော်ကြည်ညို ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❁ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❁ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ❁ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာ ရုပ်တော်မူ ဘုရားကြီးအား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

(၂၀-၄-၂၀၀၈)
(တနင်္ဂနွေနေ့)

## မြန်မာ့ဝါးနှင့်ကြိမ် အရည်အသွေးမြှင့် ထုတ်လုပ်တင်ပို့

မြန်မာနိုင်ငံသည် သစ်တောသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်ရာ ပြည်ပဈေးကွက်ရှိသော သစ်တောထွက်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ် တင်ပို့ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

နိုင်ငံနေရာအနှံ့အပြားတွင် သစ်တောထွက်ပစ္စည်းတစ်မျိုးဖြစ်သည့် ဝါးများ သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသည်။ ဝါးမျိုးစုံ ၂၂ မျိုးနှင့် မျိုးစိတ် ၁၀၀ ကျော်ခန့်ရှိကြောင်းသိရသည်။ ဝါးကို ကျေးလက်ဒေသများ၌ တဲအိမ်၊ နေအိမ်၊ အသုံးအဆောင်ပစ္စည်းများနှင့် မြို့ပြဆင်ခြေဖုံးဒေသများရှိ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလျက်ရှိရာ နှစ်စဉ်ဝါးအသုံးပြုမှု အလုံးရေသန်းတစ်ထောင်ခန့်ရှိသည်။

နှစ်ပေါင်းများစွာကပင် ဝါးခြင်းတောင်းများ၊ ဝါးဆန်ကော၊ ဝါးဆန်ခါများ ထုတ်လုပ်သုံးစွဲနေကြပြီး ဝါးထွက်ပစ္စည်းအမျိုးမျိုးကို ပြည်ပသို့ တင်ပို့လျက်ရှိရာ ဝါးတူ၊ ပန်းသီတံ၊ ဦးထုပ်၊ ဝါးပါကေး၊ ဝါးလုံးငါးမျှားတံနှင့် မျှစ်တို့ ပါဝင်သည်။ မြင်ဝါး၊ ဝါးနွယ်၊ ဝါးယား၊ ကြသောင်းဝါး၊ တင်းဝါးနှင့် ဝါးနက်တို့ကိုလည်း မီးသွေးဖုတ်၍ တင်ပို့နေကြောင်း သိရသည်။

မြန်မာ့သစ်တောများတွင် ဝါးများနှင့်အတူ ကြိမ်ပင်များလည်း ပေါက်ရောက်လျက်ရှိပြီး ဧရာဝတီတိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ အများဆုံးထွက်ရှိသည်။ ကြိမ်အမျိုးအစားများစွာရှိသည့်အနက် ကြိမ်နှာမောင်း(လက်မဲကြိမ်)၊ တောတန်းလန်းကြိမ်၊ ကုလားကြိမ်၊ ဝါးရင်းကြိမ်၊ ကြိမ်ဖြူနှင့် ကြိမ်ပုပ် စသည်တို့သည် ဈေးကွက်တွင် ရောင်းတမ်းဝင်ကြိမ်များဖြစ်သည်။

ယခုအခါ ကြိမ်များကို ကုန်ကြမ်းအဖြစ်သာမက မြန်မာ့လက်မှုအနုပညာလက်ရာမြောက် ကြိမ်ထည်ပစ္စည်းများထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိ သည်။

မြန်မာ့ရောင်းတမ်းဝင် ကြိမ်နှင့် ဝါးများကို ကုန်ကြမ်းရော လက်မှုအနုပညာလက်ရာမြောက် အရည်အသွေးမြင့် ဝါးနှင့်ကြိမ်ထည်ပစ္စည်းများပါ ထုတ်လုပ်ရောင်းချခြင်းဖြင့် အကျိုးဖြစ်ထွန်းမှု ပိုမိုရရှိနိုင်သည်ဖြစ်ရာ သစ်တောထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ် တင်ပို့နိုင်ရေး ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း ကျောင်းဆောင်နှင့် အခြားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများကို အမှူးထား၍ ကြည့်မြင်တိုင်မြို့နယ် ဘောဂလမ်းနေ ကိုထွန်းထွန်း-မမိုးမိုးခိုင်၊ သမီး ခိုင်ဇင်ဝေထွန်း၊ အေးအေးခိုင်ထွန်း (ထွန်းကနက္ကဒဏ်-ထီးဖြူလုပ်ငန်း) မိသားစုက အလှူငွေကျပ် တစ်သိန်းကို စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)(သဒ္ဓမ္မ ဇောတိက ဓဇ) ရှေ့မှောက်၌ တာဝန်ခံ ဒေါ်ခင်ကြည် (ရွှေပြည်တန်သက်န်းတိုက်) ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

| | |
|---|---|
| ပြည်သူ့သဘောထား | ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ |
| | ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ |
| | ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ |
| | ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ |

# ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ညောင်ချောင်းတံတား တည်ဆောက်မှုနှင့် နွေစပါးရိတ်သိမ်းခြွေလှေ့မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၉

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီ ၈ ရက် နံနက် ၈ နာရီတွင် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် ထွက်ခွာပြီး မိုင်တိုင်အမှတ်(၁၄/၃)အနီး ညောင်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တိုင်းမှူးအား ခရိုင်အင်ဂျင်နီယာမှူး ဦးအောင်ခိုင်က တံတားဆိုင်ရာ အချက်အလက်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။**

ထို့နောက် တိုင်းမှူးသည် စက်ယန္တရားဖြင့် ချဉ်းကပ်လမ်းမြေသား လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပုသိမ်ဘက်ကမ်း A2နှင့်P3 အကြား သံကူကွန်ကရစ်လောင်းရန် ပြင်ဆင်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။

**တွေ့ဆုံမှာကြား**

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကန်ကြီးထောင့်မြို့နယ် မြင်းကဆိပ် ကျေးရွာအုပ်စု ကွင်းအမှတ် ၂၄၇ A၊ ဦးပိုင်အမှတ်(၂၉/၂)ရှိ တောင်သူ ဦးညွန့်ရှိန်၏ စိုက်ဧက ၆၃ဒသမ ၇၆ ဧကတွင် နွေစပါး သီးထပ်ရင်ကို ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီမှ ထုတ်လုပ်သော ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံများအား တွေ့ဆုံမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ တိုင်းမှူးသည် ကွင်းအမှတ် ၁၄၇ B၊ ဦးပိုင်အမှတ်(၄၄/၁၆)ရှိ တောင်သူ ဦးပါလဂျီ၏ ပေါ်ဆန်း တစ်ဧက ရှင်သန်ဖြစ်ထွန်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**လက်ခံ**

ထို့နောက်တိုင်းမှူးသည် ကန်ကြီးထောင့်မြို့နယ် ကျိုက်လတ်ကျေးရွာအထကခွဲတွင် ဒေသခံများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား၍ ဆောက်လုပ်ဆဲ နှစ်ထပ်ကျောင်းဆောင်သစ်အတွက် ငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးဒေါ်မြမြက လက်ခံရယူသည်။ (သတင်းစဉ်)

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ကန်ကြီးထောင့်မြို့နယ် ကွင်းအမှတ် ၁၄၇ B၊ ဦးပိုင်အမှတ် (၄၄/၁၆) ရှိ တောင်သူ ဦးပါလဂျီ၏ ပေါ်ဆန်း တစ်ဧက ရှင်သန်ဖြစ်ထွန်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး အတွက် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းနေ ကွယ်လွန်သူ ဦးသန့်စင်အားရည်စူး၍ ဒေါ်ခင်စိုး မိသားစုက အလှူငွေ ကျပ် ၁၅၀၀၀၀ကိုလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်၊ ဦးသိန်းထွန်းနှင့် ဦးအေးမြင့်တို့ လက်ခံယူစဉ်။** (ကြေးမုံ)

## လှူဒါန်း

**မိခင်ကြီး ဒေါ်သိန်းကြည် ၈၈ နှစ်အား ရည်စူး၍ လှိုင်သာယာမြို့နယ် FMI City ဂန္ဓမာ(၂) လမ်းနေ ဒေါ်တင်တင်ရွှေနှင့် သား၊ သမီး ရှစ်ဦးမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။** (က-ပ)

ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့
၂၀၀၈ ခုနှစ် ဧပြီလ (၂၉) ရက်

အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ်
၂၀၀၈ ခုနှစ် ဧပြီလ (၂၅) ရက် - မေလ (၁)ရက်

ငှက်ဖျားရောဂါအန္တရာယ်၊ နေရာအနှံ့တို့ကာကွယ်
malaria-a disease without borders

**✱ ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီး ချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်ကိုင်း တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မန္တလေး တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့- အဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ် များနှင့်အတူ နံနက် ၈ နာရီခွဲတွင် မဟာဗောဓိတစ်ထောင် လေးကျွန်း စကြာ ရပ်တော်မူဘုရားကြီးသို့ရောက် ရှိကြသည်။

### ဖူးမြော်ကြည်ညို

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင် များသည် မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာရပ်တော်မူဘုရားကြီး ပထမထပ်၌ ယာယီ ကိန်းဝပ်စံပယ် တော်မူသည့် (၂၇)ထပ်တွင် သီတင်း သုံးမည့် ဗုဒ္ဓရုပ်ပွားတော် လေးဆူ အား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်းနှင့် ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ သည် ဘုရားကြီး ပထမရင်ပြင်တော် မှနေ၍ ညာဏ်တော်အမြင့် ၄၂၄ပေရှိ မဟာဗောဓိတစ်ထောင် လေးကျွန်း စကြာ ရပ်တော်မူဘုရားကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် အဘယဒါန ဇီဝိတ ဒါနအဖြစ် စာကလေးများကို လွှတ်၍ ကုသိုလ်ပြုကြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့ဝင်များသည် မုံရွာမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ကို မော်တော်ယာဉ်များဖြင့် လှည့် လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မဟာဗောဓိတစ်ထောင် လေးကျွန်းစကြာရပ်တော်မူ ဘုရားကြီး ပထမထပ်၌ ယာယီကိန်းဝပ်စံပယ်တော်မူသည့် (၂၇)ထပ် တွင် သီတင်းသုံးမည့် ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်းနှင့် ရေချမ်းတို့ ဆက်ကပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)

# ကုသိုလ်ကောင်းမှုပြုသူ အကြီးအမှူးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများ သူငါတို့ထက် မြတ်သော အကြီးအမှူးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။ (ဓမ္မပဒ ၃၀)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင် ကြိုင်တို့ အဘယဒါန ဇီဝိတ ဒါနအဖြစ် စာကလေးများကို လွှတ်၍ ကုသိုလ်ပြုကြစဉ်။** (သတင်းစဉ်)

## အသံမစဲ ပဋ္ဌာန်း ပူဇော်မည်

**ရန်ကုန် ဧပြီ ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အောင်ချမ်းသာ (၁)ရပ်ကွက် ဦးရာဇာတ်လမ်း လေးထပ်ပရိယတ္တိ စာသင်တိုက်၌ သင်္ကြန်တွင်း ဒုလ္လဘရဟန်းခံပွဲနှင့် ၁၀ရက်တရားစခန်း အောင်ပွဲအဖြစ် အသံမစဲ ပဋ္ဌာန်းပူဇော်ပွဲကို ၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော် ၂ ရက်မှ ၆ ရက် (ဧပြီ ၂၂ ရက်မှ ၂၆ ရက်)အထိ ကျင်းပမည်ဖြစ်ရာ အရုဏ်ဆွမ်း၊ နေ့ဆွမ်း လှူဒါန်းလိုသည့် ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များသည် ဖုန်း-၀၉-၅၆၃၉၂ ကျောင်းတိုက်အကျိုးတော်ဆောင်တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ပုပ္ပားစကားဝါမြေ နှစ်ဦး တရားပွဲများ

**ရန်ကုန် ဧပြီ ၁၉**

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမစာသင်တိုက် ပုပ္ပားစကားဝါမြေဆရာတော် ဘဒ္ဒန္တ ပညာဝံသသည် ဧပြီ ၂၁ ရက်တွင် မြောက်ဥက္ကလာမြို့နယ် (၅)ရပ်ကွက် ကြ္ကန္ဒာ ၉ လမ်း မြောက်ပိုင်းမိသားစု၏ သက်ကြီးပူဇော်ပွဲနှင့် ဓမ္မပူဇာပွဲ၊ ဧပြီ ၂၄ရက်တွင်လှိုင်မြို့နယ် (၇)ရပ်ကွက် ကျောင်းကုန်း ၂ လမ်းရှိ သန္တိသုခ ဓမ္မာရုံ၏ ပဋ္ဌာန်းအောင်ပွဲနှင့် ဧပြီ ၂၇ ရက်တွင် လှိုင်မြို့နယ်(၉)ရပ်ကွက် သဇင်လမ်းဓမ္မပူဇာပွဲတို့၌တရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

**ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပွဲအတွက် ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်းနေ ဦးမောင်လှ-ဒေါ်လှတင့် မိသားစုက ၁၂လက်မပတ်လည် ရွှေချပြီး ရွှေပြား ၁၁ ချပ် ငွေကျပ် ၁၁၀၀၀၀ကို မြန်မာနှစ်ဆန်းတစ်ရက်နေ့က ပေးအပ်လှူဒါန်းရာ ရွှေစည်းခုံ ဘုရားကြီး ဂေါပကအဖွဲ့ကိုယ်စား ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြည်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။** (၆၁)

**● အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။**

## ဟန်ဂေရီ၌ တိုက်လေယာဉ် ပျက်ကျ

**ဘူဒါပက် ဧပြီ ၁၈**

ဟန်ဂေရီနိုင်ငံအလယ်ပိုင်း ကိတ်စကီမက်ဒေသတွင် ဧပြီ ၁၇ ရက်က အမ်အိုင်ဂျီ-၂၉အမျိုးအစား တိုက်လေယာဉ်တစ်စင်း မြေပြင်သို့ ဆင်းသက်ရန် ကြိုးပမ်းစဉ်ပျက်ကျခဲ့ကြောင်း ဟန်ဂေရီ ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။

လေယာဉ်မှူးမှာ လေယာဉ်မှ ခုန်ထွက်လွတ်မြောက်ခဲ့ပြီး ၎င်းကိုကျန်းမာရေးအခြေအနေစစ်ဆေးရန် ဆေးရုံသို့ ပို့ဆောင်လိုက်ကြောင်းအဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

ယခုအချိန်အထိ ဟန်ဂေရီ၌ အမ်အိုင်ဂျီ-၂၉ တိုက်လေယာဉ် စုစုပေါင်း သုံးစင်းပျက်ကျခဲ့ပြီး ဖြစ်သည်။ ၁၉၉၈ ခုနှစ်က ဖြစ်ပွားခဲ့သော အမ်အိုင်ဂျီ-၂၉ တိုက်လေယာဉ် ပျက်ကျမှုတွင် လေယာဉ်မှူး သေဆုံးခဲ့သည်။ ၂၀၀၅ ခုနှစ်၌လည်းနောက်ထပ်အမ်အိုင်ဂျီ-၂၉ လေယာဉ်တစ်စင်း ထပ်မံပျက်ကျရာတွင် လေယာဉ်မှူး ဒဏ်ရာရရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**စစ်ရေးပြနေကြသော အီရန် လက်နက်ကိုင် တပ်ဖွဲ့ဝင်များကို ဧပြီ ၁၇ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## အီရန်ယူရေနီယံ သန့်စင်မှုလုပ်ငန်းဆောင်ရွက်ရာ၌ နှေးကွေးနေကြောင်းအိုင်အေအီးအေပြောကြား

**ဘာလင် ဧပြီ ၁၈**

အီရန်နိုင်ငံသည် ယူရေနီယံ သန့်စင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် တိုးတက်မှု နှေးကွေးလျက်ရှိကြောင်း၊ ခေတ်နောက်ကျကျန်ရစ်ခဲ့ပြီ ဖြစ်သောဗဟိုခွာအားများကို သုံးစွဲနေကြောင်းနိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ) အကြီးအကဲက ဘာလင်မြို့၌ ကြာသပတေးနေ့တွင် ပြောကြားသည်။

ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ဖရန့်ဝေါလ်တာစတိန်းမီယာနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အိုင်အေအီးအေ အထွေထွေအတွင်းရေးမှူး အယ်လ်ဘာရာဒေးက အီရန်တောင်ပိုင်းရှိ နာတန့်စက်ရုံ၌ ပြုလုပ်နေသောအဏုမြူသန့်စင်မှုမှာ တိုးတက်မှုမရှိကြောင်း ပြောကြားသည်။

ယမန်နှစ်ကုန်တွင် နာတန့်စက်ရုံ၏သန့်စင်ခန်းမ၌ အသုံးပြုနေသော ဗဟိုခွာအားစက်များသည်၁၉၇၀ပြည့်နှစ်ဗင်ကော့ပီ-၁အမျိုးအစားစက်များဖြစ်ကြောင်း၊ စက်အလုံးရေ ၃၀၀၀ ရှိရာမှ ယခုနှစ်တွင် ၃၃၀၀ သို့မဟုတ် ၃၄၀၀အထိ တိုးလာကြောင်း အတွင်းရေးမှူးက ဆက်လက်ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## တရုတ်နိုင်ငံတောင်ပိုင်း၌ နီဂူရီတိုက်ဖုန်းတိုက်ခတ်

**ဟိုင်ကို ဧပြီ ၁၈**

တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်ကို ဧပြီ ၁၈ ရက်က နီဂူရီ တိုက်ဖုန်းမုန်တိုင်းဝင်ရောက်ပြီးနောက် ယခုအခါ ယင်းမုန်တိုင်းသည် အပူပိုင်းမုန်တိုင်းအဖြစ်သို့ အဆင့်လျော့ကျသွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ မိုးလေဝသဌာနက ပြောကြားသည်။

**စတင်ဝင်ရောက်**

နိုင်ငံ၏ အရှေ့မြောက်ပိုင်း ကျွန်းပေါ်ရှိ လုံလိုမြို့သို့ မုန်တိုင်းသည် ည ၁၀ နာရီခွဲတွင် စတင်ဝင် ရောက်သည်။ထိုအချိန်တွင် မုန်တိုင်း ၏ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၀၈ ကီလိုမီတာရှိသည်ဟု ဟိုင်နန်ပြည်နယ် မိုးလေဝသဌာနက ဖော်ပြသည်။

**ရွှေ့ပြောင်း**

အဓိက မြို့ကြီးငါးမြို့ရှိ ပြည်သူ ၄၂၀၀၀ ကျော်တို့ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး နောက်ထပ် ၅၀၀၀ကျော်ကိုလည်း ရွှေ့ပြောင်းပေးနေဆဲဖြစ်ကြောင်းရေကြီးမှုအန္တရာယ်ကာကွယ်ရေးအဖွဲ့ကပြောကြားသည်။

မုန်တိုင်းဒဏ်ကြောင့်ဓာတ်အားများ ပြတ်တောက်ကုန်ပြီး မြို့မှာလည်း အမှောင်ကျသွားသည်။ ဓာတ်အား ထုတ်စက်အရန်သင့်ရှိသော ဟိုတယ်အချို့သာ ဆက်၍မီးလင်းနေသည်ကို တွေ့ရသည်ဟု ဆိုသည်။ လေနှင့်မိုးပါပြင်းထန်သဖြင့်လေယာဉ်ခရီးစဉ်အနည်းဆုံး၇၆ခုကိုဖျက်သိမ်းခဲ့ရသည် သာမကလှေသင်္ဘော၂၁၀၀၀ကျော်ကိုလည်း ကမ်းတွင်ခိုနေရန် နှိုးဆော်နိုင်ခဲ့သည်။ ဧပြီ ၁၈နှင့် ၁၉ရက်များအတွင်း ဟိုင်ကိုဒေသတွင် မိုးရေချိန် မီလီမီတာ ၁၅၀ အထိ ရွာသွန်းဖွယ်ရှိသည်ဟုဆိုသည်။ ***အင်တာနက်။***

**တရုတ်နိုင်ငံ တောင်ပိုင်း ဟိုင်နန်ပြည်နယ် ဝမ်ချောင်မြို့တွင်တိုက်ဖုန်းမုန်တိုင်းတိုက်ခတ်ပြီးနောက်သစ်ပင်တစ်ပင်လဲကျနေသည်ကို ဧပြီ ၁၈ ရက်က တွေ့ရ စဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## စွမ်းအင်နှင့်လေကြောင်းပို့ဆောင်ရေးလုပ်ငန်း တိုးချဲ့ရန် မက္ကဆီကိုနှင့် အိန္ဒိယတို့ စာချုပ်ချုပ်ဆို

**မက္ကဆီကိုစီးတီး ဧပြီ ၁၈**

စွမ်းအင်နှင့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရေးအတွက် ဧပြီ ၁၇ရက်က မက္ကဆီကိုနှင့် အိန္ဒိယနိုင်ငံတို့အကြား သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသည်။

အိန္ဒိယသမ္မတ ပရာတီဘာဒီဗီဆင်းပတေးသည် ဧပြီ ၁၇ရက်က မက္ကဆီကိုနိုင်ငံသို့ လေးရက်ကြာ တရားဝင်အလည်အပတ် စတင်ခဲ့သည်။

မက္ကဆီကို စီးတီးရှိ လော့ပင်နို့စ်သမ္မတအိမ်တော်၌ တွေ့ဆုံဆွေးနွေးပွဲတွင်မက္ကဆီကိုသမ္မတဖီးလစ်ကယ်ဒီဂွန်ကအိန္ဒိယနိုင်ငံ၏ အခြေခံအဆောက်အအုံလုပ်ငန်း၊အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေး လုပ်ငန်း၊ ဆေးဝါးလုပ်ငန်းများနှင့်သတင်းအချက်အလက် နည်းပညာများကို မက္ကဆီကိုနိုင်ငံကပို၍စိတ်ဝင်စားသည်ဟုဆိုသည်။

အိန္ဒိယနိုင်ငံနှင့်မက္ကဆီကို နှစ်နိုင်ငံတို့၏၂၀၀၆ ခုနှစ်ကုန်သွယ်မှု တန်ဖိုးပမာဏမှာ အမေရိကန်ဒေါ်လာ ၁ဒသ မ ၆ဘီလီယံရှိကြောင်း စာရင်းအင်းများအရသိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**ကြေးမုံ The Mirror**

**နိုင်ငံတကာ သတင်းများ**

## အီဂျစ်တွင် ပေါက်ကွဲမှုဖြစ်ပွား လူတစ်ဦးသေပြီး နှစ်ဦးဒဏ်ရာရရှိ

**ကိုင်ရို ဧပြီ ၁၈**

အီဂျစ်နိုင်ငံ မြောက်ပိုင်းတွင် အမျိုးအမည်မသိရသောပစ္စည်းတစ်ခု ပေါက်ကွဲမှုဖြစ်ပွားရာလူတစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း မီနာသတင်းဌာနက ထုတ်ပြန်သည်။

နိုင်းမြစ်ဝှမ်းဒေသ ကာလူဘီယာအရပ်တွင် ဧပြီ ၁၇ ရက်က ပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်သည်။ ထိုအရပ်သည် ကိုင်ရိုမြို့၏ မြောက်ပိုင်း ကီလိုမီတာ ၄၀ အကွာတွင် တည်ရှိသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ခါလက်ဟာဆန်ဇာကီဆိုသူ သေဆုံးသွားသည်။၎င်းနှင့် ညီအစ်ကိုတော်သူ မိုဟာမက်နှင့် အီဘရာဟင်တို့ ဒဏ်ရာရရှိသွားကြောင်း သတင်းက ဖော်ပြသည်။

ယင်းဖြစ်စဉ်တွင် အိမ်တစ်လုံး ပြိုကျသွားပြီး ကပ်လျက်ရှိသော အဆောက်အအုံမှာလည်း ပျက်စီးသွားကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီမြို့တွင် ပတ်ဝန်းကျင်ရှိ လယ်ယာများ မီးရှို့ရာမှ ထွက်လာသော မီးခိုးများ အုံ့ဆိုင်းနေသည်ကို ဧပြီ ၁၇ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ဗျူနိုအေရီမြို့ပတ်ဝန်းကျင်တွင် မီးခိုးများ ဖုံးလွှမ်း

### ယာဉ်မတော်တဆမှုများဖြစ်ပြီး ဆိပ်ကမ်းများနှင့်လေဆိပ်များပိတ်ရ

**ဗျူနိုအေရီ ဧပြီ ၁၈**

စိုက်ပျိုးမွေးမြူရေးမြေယာများ မီးရှို့ရာမှ ထွက်ပေါ်လာသော မီးခိုးလုံးကြီးများကြောင့် အာဂျင်တီးနားနိုင်ငံ မြို့တော်ဗျူနိုအေရီနှင့် အနီးဝန်းကျင်ဒေသများတွင် ရက်အတန်ကြာ မီးခိုးများဖုံးလွှမ်းလျက်ရှိရာ ယာဉ်မတော်တဆမှုများဖြစ်ပြီး ဆိပ်ကမ်းများနှင့် လေဆိပ်များ ပိတ်ခဲ့ရသည်အထိ အခြေအနေဆိုးရွားခဲ့သည်။

**ပိတ်ခဲ့ရ**

မီးခိုးလုံးများ ထူထပ်မှုကြောင့် ယာဉ်မတော်တဆမှုများ၊ လေယာဉ်နောက်ကျမှုများ ဖြစ်ပေါ်ခဲ့ပြီး ဗျူနိုအေရီ၊ လာဗလာတာ၊ ဇာရတ်နှင့် ကမ်ပါနာမြို့တို့ရှိ ဆိပ်ကမ်းများကို ပိတ်ခဲ့ရကြောင်း ကြာသပတေးနေ့တွင် တာဝန်ရှိသူများက ပြောကြားသည်။

**ဝေဖန်အပြစ်တင်**

ဒယ်တာဒယ် ပါရာနာဒေသတွင် လယ်ယာမြေများ အသစ်ပြန်လည်ဖော်ထုတ်ရန် လယ်ကွင်းများကို လယ်သမားများက မီးရှို့ခဲ့မှုကြောင့် မီးခိုးများထွက်လာခြင်း ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဧပြီ ၁၆ ရက်က မြင်ကွင်းမသဲကွဲသဖြင့် အဝေးပြေး အမှတ်(၉)လမ်းတွင် ယာဉ် ၁၄ စီးတိုက်မှု ဖြစ်ပွားရာ အနည်းဆုံးသုံးဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# နိုင်ငံတကာ သတင်းများ

## မြေပြင်မှ မြေပြင်ပစ်ဒုံးကျည် ပါကစ္စတန် အောင်မြင်စွာ စမ်းသပ်

**အစ္စလမ္မာဘတ် မေ ၁၉**

ပါကစ္စတန်နိုင်ငံသည် မြေပြင်မှ မြေပြင်ပစ်ဘောလ်တစ်ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်ကြောင်း ပြည်တွင်း ရုပ်သံသတင်းဌာနများက စနေနေ့တွင် ကြေညာသွားသည်။

အဆိုပါဒုံးကျည်သည်တာဝေးအမျိုးအစားဖြစ်ပြီး ကီလိုမီတာ ၂၀၀၀ ကျော်ထိပစ်နိုင်သည်။ ဟာတပ်-၆ သို့မဟုတ် ရှာဟင်း-၂ဟုခေါ်ပြီးသမားရိုးကျနှင့် နျူကလီးယားထိပ်ဖူးနှစ်မျိုးစလုံး သယ်ဆောင်နိုင်သည်။

ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီ၊ ပူးတွဲစစ်ဦးစီးများကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတာရစ်မဂျစ်နှင့် ကာကွယ်ရေးဝန်ကြီး အာမက်မူခါတို့ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုကို လာရောက်ကြည့်ရှုကြသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

**ပါကစ္စတန်နိုင်ငံမှ နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော တာဝေးပစ်ဒုံးကျည်(ရှာဟင်း-၂)ကို မေ ၁၉ရက်က အောင်မြင်စွာ ပစ်လွှတ်စဉ်။**

ဓာတ်ပုံ-အင်တာနက်။

## အာဖဂန်နစ္စတန်၌လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွား ဒတ်ချ် ဗိုလ်ချုပ်ကြီး၏သား သေဆုံး

ကဘူး မေ ၁၉

**အာဖဂန်နစ္စတန်နိုင်ငံ ယူဇရုဂန်ပြည်နယ်ရှိ ဒတ်ချ် စစ်အခြေစိုက်စခန်း၏ အနောက်မြောက်ဘက် ခုနစ်မိုင်အကွာတွင် မေ ၁၈ရက်က ဒတ်ချ်တပ်ဖွဲ့ဝင်နှစ်ဦး ကင်းလှည့်စဉ် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် နယ်သာလန်နိုင်ငံ ထိပ်တန်း စစ်ဘက်အကြီးအကဲ၏သားဖြစ်သူ ဗိုလ်ဒင်းနစ်ဗင်ဟမ်း (၂၃)နှစ် သေဆုံးခဲ့ကြောင်း တာဝန်ရှိသူကပြောကြားသည်။**

ဖခင်ဖြစ်သူမှာ နယ်သာလန်နိုင်ငံ၏လက်နက်ကိုင်တပ်ဖွဲ့တွင် စစ်ဦးစီးချုပ်ရာထူး ခန့်အပ်ခံရပြီး တစ်ရက်အကြာတွင် ယခုကဲ့သို့ သားဖြစ်သူ သေဆုံးမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၆ခုနှစ် ဩဂုတ်လကတည်းက နယ်သာလန်နိုင်ငံမှ တပ်ဖွဲ့ဝင် ၁၆ဦး သေဆုံးခဲ့သည်။ အာဖဂန်နစ္စတန် နိုင်ငံတောင်ပိုင်းတွင် ဒတ်ချ်တပ်ဖွဲ့ဝင် ၁၆၅၀ တာဝန်ထမ်းဆောင်လျက်ရှိသည်။

အင်တာနက်။

**ဂါဇာကမ်းမြောင်ဒေသနှင့် အစ္စရေးနယ်စပ် ဖြတ်ကျော်ရေးစခန်း ကီရင်းရှာလွန်စခန်းတွင် အစ္စရေး စစ်သားများ လုံခြုံရေး ဆောင်ရွက်နေသည်ကို မေ ၁၇ရက်က တွေ့ရစဉ်။**

ဓာတ်ပုံ-အင်တာနက်။

## သင်္ကြန်ပွဲတော်ရက်အတွင်း ထိုင်းတွင် ၃၀၀ ကျော် သေဆုံး

ဗန်ကောက် မေ ၁၈

**ထိုင်းနိုင်ငံတစ်ဝန်း သင်္ကြန်နှစ်သစ်ကူးပွဲတော်အတွင်း သေဆုံးသူ စုစုပေါင်း ၃၆၈ဦးရှိကြောင်း ဒုတိယပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။ နှစ်သစ်ကူးပွဲအားလပ်ရက်များဖြစ်သည့် မေ ၁၁ရက်မှ ၁၆ရက်အတွင်း ယင်းသေဆုံးမှုအပြင် မတော်တဆဖြစ်ပွားမှု ၃၉၅၅မှုရှိခဲ့ပြီး ဒဏ်ရာရသူပေါင်း ၄၈၈၄ဦးရှိကြောင်းဘေးဒုက္ခကာကွယ်လျော့ချရေးဌာန အကြီးအကဲလည်းဖြစ်သူ ဒုတိယပြည်ထဲရေးဝန်ကြီး ဆစ်သီချိုင်းဆုရတ်က ပြောကြားသည်။ ကျန်းမာရေးဝန်ကြီးချိုင်ယာ ဆဆွမ်ဆဘ်ကမူ နှစ်သစ်ကူးအားလပ်ရက်အတွင်း ခရီးသွားသူနှင့် အပျော်အပါး ရေကစားသူပေါင်း ၇၀၀၀ ကျော်သည် နိုင်ငံတစ်ဝန်းရှိ ဆေးရုံပေါင်း ၈၀၀ ၌ ဆေးကုသမှုခံယူခဲ့ရသည်ဟုပြောသည်။**

ထိခိုက်သူအများစုမှာ ခြေလက်ကျိုးခြင်းဖြစ်ကြောင်း၊ သေဆုံးသူဦးရေနှင့် ပတ်သက်၍ အစီရင်ခံစာမရရှိသေးကြောင်း၊ ဒဏ်ရာရသူ အရေအတွက် ကွဲလွဲမှုအပေါ် မှတ်ချက်မပေးလိုကြောင်း ကျန်းမာရေးဝန်ကြီးက ပြောသည်။ ချင်းရိုင်ခရိုင်မှာ မတော်တဆထိခိုက်မှုနှင့် လူသေဆုံးမှု အများဆုံးဖြစ်ပြီး ချင်းမိုင်ခရိုင်သည် လူသေဆုံးမှု ဒုတိယအများဆုံးဖြစ်ပြီး ဗန်ကောက်မြို့သည် လူသေဆုံးမှု တတိယအများဆုံးဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

## ဘင်္ဂလားဒေ့ရှ်၌ ရာသီဥတုပူပြင်းလာ၍ ဝမ်းပျက်ဝမ်းလျှောရောဂါ ပိုမိုဖြစ်ပွား

**ဒါကာ မေ ၁၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အပူချိန်မြင့်တက်လာသည်နှင့်အမျှ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသည့် အခြေအနေမှာ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာသည်။

မြို့တော်ဒါကာတွင် ပြီးခဲ့သည့် ရက်သတ္တပတ်က ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ရသူ ရာပေါင်းများစွာရှိကြောင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံတကာဝမ်းပျက်ဝမ်းလျှောရောဂါသုတေသနက (အိုင်စီဒီဒီအာရ်-ဘီ)ဖော်ပြသည်။

မေ ၁၇ရက်က ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်လာသူ ၄၁၈ဦးရှိကြောင်း အိုင် စီဒီဒီအာရ်-ဘီ မှ တာဝန်ရှိသူကပြောကြားသည်။

ဝမ်းပျက်ဝမ်းလျှော ရောဂါသည် ကလေးများ၌ ပိုမိုဖြစ်လေ့ရှိသော်လည်း ယခုနှစ်တွင် ထိုရောဂါဖြင့် ဆေးရုံသို့ တက်ရောက်လာကြသူများတွင် အရွယ်ရောက်စလူငယ်များ ပိုမိုများပြားကြောင်း ၎င်းက ပြောကြားသည်။

ဧပြီလ အစကတည်းက ရာသီဥတုသည်ပိုမိုပူပြင်းလာသဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားလာရခြင်းဖြစ်သည်ဟု သက်ဆိုင်ရာက ပြောကြားသည်။

ပြင်းထန်သည့် နေအပူရှိန်အောက်၌ အလုပ်လုပ်နေရသူ အလုပ်သမားများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှု များပြားသည်။ ၎င်းတို့သည် ရာသီဥတုဒဏ်ကိုခံနိုင်သည့် ရေဓာတ်လျော့နည်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာနှင့် သန့်ရှင်းသောရေ သောက်သုံးမှုမရှိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားရခြင်းဖြစ်သည်ဟု သတင်း၌ဖော်ပြထားသည်။

အင်တာနက်

## ပေကျင်း-ရှန်ဟိုင်း အမြန်ရထားလိုင်း စတင်ဖောက်လုပ်

ပေကျင်း မေ ၁၈

**ပေကျင်း-ရှန်ဟိုင်း အမြန်ရထားလမ်းကို မေ ၁၈ရက်တွင် စတင်ဖောက်လုပ်နေပြီဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။ ထိုရထားလမ်းတွင် တစ်နာရီလျှင် ကီလိုမီတာ ၃၅၀နှုန်းဖြင့် မောင်းနှင်နိုင်သော ရထားများခုတ်မောင်းမည်ဖြစ်သည်။**

အဆိုပါ ရထားလမ်းမှာ ၁၃၁၈ကီလိုမီတာရှည်လျားပြီး ပေကျင်း-ရှန်ဟိုင်း မြို့နှစ်မြို့ကို ငါးနာရီအတွင်း အရောက်သွားနိုင်မည့်လမ်းဖြစ်သည်။ ထိုစီမံချက်ကို ငါးနှစ်အတွင်း ပြီးစီးအောင်အကောင်အထည် ဖော်မည်ဖြစ်သည်။ မြို့နှစ်မြို့ကြား တစ်လမ်းပြေး ရထားလမ်းသည် နှစ်စဉ်ခရီးသည် သန်း ၈၀ နှင့် ကုန်စည် သန်း ၁၀၀ကျော်ကို သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

### မောင်းနှင်နိုင်

ရထားလမ်း စတင်တည်ဆောက်မှု အခမ်းအနားသို့ တရုတ်နိုင်ငံဝန်ကြီးချုပ် ဝမ်ကြားပေါင်တက်ရောက်ကာ အမှာစကားပြောကြားသည်။ ထိုရထားလမ်းဖောက်လုပ်မှု၏ ကုန်ကျစရိတ်မှာ ယွမ်ငွေ ၂၂၀ဒသမ၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၁ဒသမ၆ ဘီလီယံ) ရှိသည်။ စရိတ်ကြီးမားလှသည့် အဆိုပါ ရထားလမ်းဖောက်လုပ်ရေး စီမံချက်ကို ၁၉၄၉ခုနှစ်ကတည်းက စတင်ရန် စဉ်းစားခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံမှ ပထမဆုံးထုတ်လုပ်သည့် ပြည်တွင်းရထားကို မေ ၁၈ရက်တွင် စမ်းသပ်ခုတ်မောင်းခဲ့ရာ တစ်နာရီလျှင် ကီလိုမီတာ ၃၅၀နှုန်း မောင်းနှင်နိုင်ကြောင်းတွေ့ရသည်။

အဆိုပါ ရထားလမ်းကို ပြည်တွင်းကုမ္ပဏီများကထုတ်လုပ်သည့်နည်းပညာ၊ ပစ္စည်းများ အသုံးပြုပြီး တည်ဆောက်လျက်ရှိသည်ဟု ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

ရထားလမ်းဖောက်လုပ်မှုကုန်ကျငွေ တစ်ဝက်ခန့်ကို နိုင်ငံပိုင် ပေကျင်း-ရှန်ဟိုင်းအမြန်ရထားကုမ္ပဏီကကျခံသွားမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

**အစ္စရေးနိုင်ငံ၊ တဲလ်အဗစ်မြို့အနီးရှိဆာဖာရီတိရစ္ဆာန်ဥယျာဉ်တွင်အလုပ်သမားများက ၁၂နှစ်ရှိသစ်ကုလားအုတ် တစ်ကောင်ကိုခြေသည်းလက်သည်းများ ပြုပြင်ပေးနေသည်ကို မေ ၁၇ ရက်က တွေ့ရစဉ်။**

ဓာတ်ပုံ-အင်တာနက်။

## အီရတ်၌သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၄၀၃၇ဦး အထိရှိ

**ဘဂ္ဂဒက် မေ ၁၈**

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားသည်မှ မေ ၁၈ရက်အထိ အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်အနည်း ဆုံး၄၀၃၇ဦး သေဆုံးခဲ့ကြောင်း အေပီသတင်းဌာန၏ မှတ်တမ်းအရဖော်ပြခဲ့သည်။ ၎င်းကိန်းဂဏန်းတွင် စစ်ဘက်တွင်တာဝန်ထမ်းဆောင်နေသည့် အရပ်သားရှစ်ဦးလည်းပါဝင်သည်။ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်၃၂၉၅ဦး သေဆုံးကြောင်း စစ်ဘက်ကိန်းဂဏန်း အရဖော် ပြခဲ့သည်။

အီရတ်နိုင်ငံ၌ နိုင်ငံစုံမှတပ်ဖွဲ့ဝင်များဖြစ်ကြသည့် ဗြိတိန်မှ၁၇၆ဦး၊ အီတလီမှ ၃၃ဦး၊ ယူကရိန်းမှ ၁၈ဦး၊ ပိုလန်မှ ၂၁ဦး၊ ဘူလ်ဂေးရီးယားမှ ၁၃ဦး၊ စပိန်မှ ၁၁ဦး၊ ဒိန်းမတ်မှခုနစ်ဦး၊ အယ်လ်ဆာဗေဒိုမှ ငါးဦး၊ ဆလိုဗက်ကီးယားမှ လေးဦး၊ လတ်ဗီးယားမှသုံးဦး၊ အက်စတိုနီးယား၊ နယ်သာလန်၊ထိုင်း၊ရိုးမေးနီးယားမှ နှစ်ဦးစီနှင့် ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်၊ တောင်ကိုရီးယားတို့မှ တစ်ဦးစီ သေဆုံးခဲ့သည်။

အီရတ်နိုင်ငံ၌ အမေရိကန်စစ်ဘက်စစ်ဆင်ရေးစတင်ကတည်းက အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၂၉၇၈၀ ဒဏ်ရာရရှိကြောင်း ကာကွယ်ရေးဌာန၏ စာရင်းအရ သိရသည်။ အင်တာနက်

# ဟုတ်ပါ့မလား မောင်ကာဠုရဲ့ ဒါ့ထက်တောင်ပိုသေး

မောင်ကာဠု

**(မောင်ကာဠု)** အဘိုးနေကောင်းရဲ့လား၊ အဘိုးကျန်းမာအောင် နေပါနော်၊ အဘိုးတို့လို ရှေ့မီနောက်မီ သက်ကြီးဝါကြီး အတွေ့အကြုံ ရင့်ကျက်သူတွေ ရှိနေဦးမှဖြစ်မှာ။

**(အဘိုး)** မောင်ကာဠု မင်းဒီနေ့ စကားအဆန်းတွေပြောနေပါလားကွ၊ ဘာတွေဖြစ်လာတာလဲ၊ ဒို့လဲ ကျန်းမာအောင် နေရမှာပေါ့ကွယ်၊ ဒီမိုကရေစီလမ်းပြ မြေပုံကြီးရဲ့ အဆင့်(၇)ဆင့်စလုံး အောင်မြင် ပြီးမြောက်သွားတာ မြင်သွားချင်သေးတယ်။ ဒို့နိုင်ငံက ရေမြေသြဇာကောင်းတယ်၊ သယံဇာတ မျိုးစုံကြွယ်ဝတယ်၊ ဥတုရာသီလည်း မျှတတယ်၊ သဘာဝ ဘေးအန္တရာယ်လည်း ကင်းရှင်းသလောက်ပါပဲ၊ ဒီလို အခြေခံကောင်းရှိတဲ့ ဒို့နိုင်ငံမှာ ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်း၊ နိုင်ငံအကျိုးကို တူညီစွာ ရှေးရှု ကြိုးပမ်းခြင်းတွေနဲ့ ပြည့်စုံရင် ဒို့နိုင်ငံဟာ မင်းတို့ပြောပြောနေတဲ့ ရွှေနိုင်ငံ ဖြစ်ပြီပေါ့ကွာ။ ဒို့လဲ မသေခင် မြန်မာပြည်ထောင်စုကြီး ရွှေရောင်ဝင်းလက် တိုးတက်ဖွံ့ဖြိုး အလှတိုးနေတာ မြင်သွားချင်တာပေါ့။

**(မောင်ကာဠု)** အဘိုးပြောတဲ့အခြေခံကောင်းပြည့်ဝတဲ့ မြန်မာနိုင်ငံမှာ ဗြိတိသျှနယ်ချဲ့တွေ ကျူးကျော်ကျွန်ပြုပြီး နိုင်ငံရဲ့ကြွယ်ဝသမျှ ခေညစ်စွာတွေ သွေးစုပ်တာ၊ ဖိနှိပ်တာကို နှစ်ပေါင်း ၁၀၀ ကျော်ခံခဲ့ကြရ၊ လွတ်လပ်ရေးအတွက် တိုင်းရင်းသားစုံ မြန်မာမျိုးချစ်တွေ အသက်သွေးချွေးပေးပြီး တိုက်ယူခဲ့ကြရ၊ လွတ်လပ်ရေးလည်းရရော ပြည်တွင်းဖြစ် နိုင်ငံရေး ဝါဒစုံ၊ ပြည်ပကတင်သွင်းလာတဲ့ လက်ဝဲ၊ လက်ယာနိုင်ငံရေးဝါဒစုံတွေကို ဘိန်းစွဲသလိုစွဲပြီး ပါတီအုပ်စု ဂိုဏ်းဂဏတွေဖွဲ့ကြ၊ ဂိုဏ်းချင်းပြိုင်ကြ၊ ဝါဒချင်းဆိုင်ကြ၊ နောက်ဆုံးအာဏာလု၊ ဗိုလ်လု၊ နယ်လုရင်း လက်နက်ကိုင်တိုက်ကြနဲ့သောင်းကျန်းခဲ့ကြတာ ပြည်သူတွေ နှစ်ပေါင်းလေးငါးဆယ် ဒုက္ခရောက်ခဲ့ကြရတာပဲ၊ ဘယ်မှာတိုးတက်ဖွံ့ဖြိုးလာပါ့မလဲ အဘိုးရယ်။

**(အဘိုး)** အေး၊ အခုတော့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေ ဥပဒေဘောင်အတွင်း ဝင်လာကြတော့ တစ်နိုင်ငံလုံး ငြိမ်းချမ်းသွားပြီလေ။ ငြိမ်းချမ်းတဲ့ အခြေအနေကောင်းရယ်၊ ကြွယ်ဝတဲ့ ရေမြေသယံဇာတကောင်းရယ်၊ ညီညွတ်လက်တွဲတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခွန်အားရယ် ပေါင်းစည်းမိတော့၊ နိုင်ငံကြီးတစ်ခုလုံး နတ်ရေကန်ထဲ ချလိုက်သလိုပဲ ဘက်ပေါင်းစုံ၊ ကဏ္ဍစုံ၊ နယ်ပယ်စုံ၊ ဒေသစုံမှာ မကြုံစဖူးထူးထူးကဲကဲ တိုးတက်ဖွံ့ဖြိုးလာတာကလည်း အံ့မခန်းပါပဲကွာ၊ ဒို့အခု အသက် ၈၀တွင်း ရောက်နေပါပြီ၊ ဒို့တစ်သက် ဒီနေ့လောက် ငြိမ်းချမ်းတာ၊ ဒီနေ့လောက်တိုးတက်တာ မကြုံဖူးခဲ့တာ အမှန်ပဲ။

**(မောင်ကာဠု)** အခုလို တိုးတက်လာတာတွေ၊ ငြိမ်းချမ်းလာတာတွေကို ကျွန်တော်တို့ကတော့မယုံမရှိနဲ့ ကိုယ်တွေ့ဆိုသလိုပါပဲ။ ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းဆိုတဲ့ အဆင့်တွေ ရောက်တာနဲ့ ပါတီစုံဒီမိုကရေစီခေတ်ကို ရှေးရှုတဲ့ ရှေ့လုပ်ငန်းစဉ် (၇)ရပ်ချမှတ်ပြီး တိုင်းရင်းသားပြည်သူတွေနဲ့ နိုင်ငံတော်အစိုးရ လက်တွဲဖော်ဆောင်လာခဲ့တာ အခုဆိုရင် စတုတ္ထလုပ်ငန်းစဉ်ဖြစ်တဲ့ ရေးဆွဲပြီးစီးပြီဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်လုံးကျွတ် ဆန္ဒခံယူ အတည်ပြုတဲ့ အဆင့်ကို တက်လှမ်းလာပြီပဲ အဘိုးရဲ့။

**(အဘိုး)** ဒို့နိုင်ငံမှာပါတီစုံခေတ်ကို ဝါဒစုံစနစ်နဲ့အတူ ဖြတ်သန်းခဲ့ဖူးပြီ၊ ပါတီစုံတာကတော့ အကြောင်းမဟုတ်လှပါဘူး။ ဝါဒစုံတာက အနိဋ္ဌာရုံတွေ၊ဆိုးကျိုးတွေများလှတယ်ကွဲ့။ နိုင်ငံရေးဝါဒမှာ လက်ဝဲအမျိုးမျိုး၊ လက်ယာအမျိုးမျိုး ကွဲနေကြတော့ ဘယ်မှာ ညီညွတ်နိုင်တော့မလဲ။ ကိုယ့်ပါတီ၊ ကိုယ့်ဝါဒသာအမှန်ဆိုပြီး ကိုယ်သာအာဏာရစေရမယ်ဆိုတဲ့အစွဲကိုယ်စီနဲ့ အချင်းချင်းတိုက်ခဲ့ ခိုက်ခဲ့ကြတဲ့ နှစ်လေးဆယ်ကျော်ပြည်တွင်းရောင်စုံသောင်းကျန်းမှုကို ဒို့ကြုံခဲ့ရပြီ။ သောကဗျာပါရ၊ ဒုက္ခအရာရာကြုံခဲ့ရပြီ။

**(မောင်ကာဠု)** ဟုတ်ပါတယ် အဘိုး။

**(အဘိုး)** ဒို့က ပါတီစုံတာ မကြောက်ဘူး၊ ဝါဒစုံလာမှာတော့ ရင်လေးတယ်။ ပါတီအားလုံးဟာ ကိုယ့်နိုင်ငံကြီးထာဝရ တည်တံ့ခိုင်မြဲနေဖို့၊ ကိုယ့်နိုင်ငံလွတ်လပ်ရေးဆိုတဲ့ အချုပ်အခြာအာဏာ အစဉ်မြဲခိုင်နေဖို့ကို ရှေးရှုလုပ်ကြမယ်ဆိုရင်တော့ ကောင်းပါတယ်။ နိုင်ငံတိုးတက်ကြီးပွားချမ်းသာအောင်လုပ်တဲ့ ပါတီတွေ ပြည်ပသြဇာမခံ၊ဝါဒဂိုဏ်းဂဏအစွဲဖျောက်ပြီး ကိုယ့်အမျိုးသား အကျိုးစီးပွားဖော်ဆောင်တဲ့ ပါတီမှန်သမျှဟာ အမျိုးသားနိုင်ငံရေးလမ်းကြောင်းပေါ်က ပါတီအဖြစ် ပြည်သူတွေက သတ်မှတ်မှာပါ။

**(မောင်ကာဠု)** အခုတော့လဲ တချို့က ပါတီစုံမှာ ဝါဒစုံ ရောမွှေပြီး အချင်းချင်း ဝါဒစွဲ၊ ပါတီစွဲနဲ့တိုက်နေကြလေ၊ ဒီနိုင်ငံ စည်းလုံးညီညွတ်မှုပြိုကွဲလေ၊ အဲဒီနိုင်ငံချည့်နဲ့လေဖြစ်မယ် ဆိုပြီး ဝါဒစုံအစွဲစုံကို မူးယစ်ဆေးလိုစွဲနေအောင် သွေးထိုးဖန်တီးပြီး ဒီကနေ့ နယ်ချဲ့နိုင်ငံကြီးတွေက နိုင်ငံတွေ မငြိမ်မသက်အောင်၊ အချင်းချင်း တိုက်ခိုက်နေအောင် သွေးထိုး၊ သပ်လျှိုပေးနေတာပေါ့ အဘိုးရဲ့။

**(အဘိုး)** ဒါ့ကြောင့် အခုဆန္ဒခံယူအတည်ပြုမယ့် နိုင်ငံဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ်(၂၀၀၈)မူကြမ်းမှာ ပုဒ်မ ၄၀၄၊ နိုင်ငံရေး ပါတီတစ်ရပ်သည်(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက် ထားရှိရမည်။ (ခ)နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်လို့ မူချထားတာပေါ့ကွယ်။

**(မောင်ကာဠု)** ဒီအခြေခံဥပဒေမှာပါတဲ့ ပုဒ်မတွေကို နိုင်ငံရေးပါတီတိုင်း လက်တွေ့ကျကျ ကာယ၊ဝစီ၊မနော ကံသုံးပါးနဲ့ လိုက်နာကြရင် ပြည်သူ့ပါတီ၊ အမျိုးသားနိုင်ငံရေးပါတီတွေ ဖြစ်လာမှာပေ့ါနော်။

**(အဘိုး)** အေးကွဲ့၊ အဲဒီအခြေခံဥပဒေသစ် ပုဒ်မ ၄၈၅(က)မှာ နိုင်ငံရေးပါတီတစ်ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီကို လက်ခံကျင့်သုံးရမည်၊ (ခ) ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်၊ (ဂ)နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ရမည်လို့ ပါရှိတဲ့အတွက် အခြေခံဥပဒေ ပြဋ္ဌာန်းချက်များ၊ တည်ဆဲဥပဒေများနှင့်အညီ အများကောင်းကျိုးသယ်ပိုးတဲ့ ပါတီတွေ ပေါ်လာမှာပေါ့၊ ဥပဒေချိုးဖောက်ပြီး မင်းမဲ့စရိုက်နဲ့ တိုင်းဆူပြည်ဖျက်လုပ်တဲ့ လုပ်ရပ်တွေ ကင်းစင်သွားမယ်။ ဣန္ဒြေသိက္ခာရှိတဲ့ နိုင်ငံရေးပါတီတွေ ထွန်းကားလာမယ်။ အဲဒါမှ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဖြစ်ထွန်းလာနိုင်မယ်။

**(မောင်ကာဠု)** ပါတီတွေ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ကောပါရဲ့လား အဘိုး။

**(အဘိုး)** ပါသကောမောင်ရာ၊ ပုဒ်မ ၄၀၆မှာ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ(က) လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်။ (ခ)ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်လို့ ပေးထားတာကွဲ့။ မိမိတို့ဆန္ဒ သဘောထားကို လွတ်လပ်စွာဖော်ပြတဲ့နေရာ မိမိတို့ ပါတီအတွက် စည်းရုံးလှုပ်ရှားတဲ့အခါမှာ ဥပဒေနှင့်အညီတော့ လှုပ်ရှားရမှာပေါ့။ စည်းရုံးတယ်၊ လှုပ်ရှားတယ်၊ ဆန္ဒပြတယ်ဆိုပြီး အဆောက်အအုံတွေဖျက်ဆီး၊ ကားတွေမီးရှို့၊ နောက်ဆုံးပုဂ္ဂလိက ဆိုင်တွေကို ချိုးဖျက်ပြီး လုယက်နေကြတာမျိုးတော့ ဒီမိုကရေစီအစစ်က ခွင့်မပြုဘူးကွဲ့။

**(မောင်ကာဠု)** အဘိုးတစ်ခါကပြောသလို ပါတီနိုင်ငံရေး သို့မဟုတ် နိုင်ငံရေး ပါတီဆိုတာ၊ သဘောဆန္ဒ၊ ရည်ရွယ်ချက်တူညီတဲ့ လူများစုပြီး ဖွဲ့ထားတဲ့အဖွဲ့အစည်းတစ်ခုပါပဲ။ပြည်သူ့ကောင်းကျိုး ပြည်သူတွေ စားဝတ်နေမှုဖူလုံ တိုးတက်စေရေး၊ ငြိမ်းချမ်းလုံခြုံစွာ နေနိုင်ရေးအတွက် ကျွန်တော်တို့ ပါတီက အကျိုးဆောင်ပါရစေ။ ကျွန်တော်တို့ကို အကျိုးဆောင်ခွင့်ပေးပါဆိုပြီး ရွေးကောက်ပွဲတွေမှာ မဲဆွယ်ကတိတွေပေးပြီး အရွေးခံကြ၊ အရွေးခံရတဲ့အခါ အများစု အရွေးခံရတဲ့ပါတီက ကိုယ်စားလှယ်တွေက နိုင်ငံတော်အာဏာကို ပြည်သူ့ကိုယ်စား ကိုင်တွယ်ကျင့်သုံး ဖြည့်စွမ်းပေးရတာမျိုးကိုခေါ်တာ၊ အဲဒါပါတီနိုင်ငံရေး သို့မဟုတ် နိုင်ငံရေး ပါတီပဲပေါ့။

**(အဘိုး)** အေးလေ၊ နိုင်ငံရေးပါတီဟာ ပြည်သူ့အကျိုးကို ဆောင်ကြဉ်းပေးဖို့ပဲဖြစ်တယ်၊ ပြည်သူ့အသက် အိုးအိမ်စည်းစိမ်တွေ ပျက်စီးချင် ပျက်စီး၊ ဒို့အာဏာရဖို့က အဓိကဆိုတဲ့ ပါတီတွေဟာ ပြည်ပြေးအုပ်စုမျိုး၊ လက်နက်ကိုင် သောင်းကျန်းသူမျိုး၊ အကြမ်းဖက်အုပ်စုမျိုး ဘဝသက်ဆင်း ဇာတ်သိမ်းသွားရတယ်။ ပြည်ပကို အားကိုးတယ်ဆိုကတည်းက ပြည်သူ့ပါတီ၊ ပြည်သူ့နိုင်ငံရေးသမား မဖြစ်နိုင်ဘူး။ နိုင်ငံခြားလက်ပါးစေ ပုဆိန်ရိုး ရုပ်သေးရုပ်ပဲ ဖြစ်မယ်။ ဒါကြောင့် ပုဒ်မ ၄၀၇ မှာ နိုင်ငံရေးပါတီများ ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတဲ့ အချက်လေးချက်ကို ပုဒ်မခွဲလေးခုနဲ့ ဖော်ပြထားတယ်။

**(မောင်ကာဠု)** ပြောပြပါဦး အဘိုးရဲ့။

**(အဘိုး)** ၄၀၇ (က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊(ခ)နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း၊ သို့မဟုတ် အားပေးကူညီခြင်း၊ (ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေးပစ္စည်း အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊ (ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်းတဲ့ကွဲ့။ အဲဒီပြဋ္ဌာန်းချက် တစ်ရပ်ရပ်နဲ့ ငြိစွန်းကြောင်း ပါတီများကို မှတ်ပုံတင်ခွင့်ပေးနိုင်တဲ့ အဖွဲ့အစည်းက တွေ့ရှိလျှင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမယ်လို့ ပုဒ်မ ၄၀၈ မှာ ပြဋ္ဌာန်းထားတယ်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကို ရယူ ကျင့်သုံးလိုကြတယ်ဆိုရင် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အားလုံးလိုက်နာကြရမှာပေါ့။ ဒါဟာ ပြည်သူတွေ မကြာခဏပါတီနိုင်ငံရေး လေနီကြမ်း တိုက်ခိုက်ခံရမှုမှ ကင်းဝေးစေတဲ့နည်းလမ်းပဲ။

**(မောင်ကာဠု)** ပြည်ပနဲ့ သံတမန်လမ်းကြောင်းက ဆက်လိုက်၊ မီဒီယာလမ်းကြောင်းက ဆက်လိုက်၊ ပြည်ပမျှော်ပြီး ပြည်ပအကူအညီယူလိုက် ပြည်ပအားကိုးနဲ့ အာဏာယူပြီး နိုင်ငံကို ကျွန်ဇာတ်သွင်းမယ့် လူတွေ၊ ဆူပူပြီးမှ အာဏာတောင်းလိုတဲ့ လူတွေ၊ ဒီမိုကရေစီနည်းကျ ပြည်သူ့အဆုံးအဖြတ် မရယူဘဲ အာဏာကို မတရားနည်းနဲ့ ရချင်သူတွေကတော့ ကြိုက်ပါ့မလား အဘိုး။

**(အဘိုး)** သူတို့ကတော့ ကြိုက်ချင်မှကြိုက်မယ်၊ ဒို့မြန်မာတွေက နှစ် ၂၀လောက်အတွေ့အကြုံနဲ့ကိုပဲ ဘယ်သူတွေက ပြည်ပအားကိုးပုဆိန်ရိုးလုပ်၊ ပြည်ပသြဇာခံပြီး နိုင်ငံကို ဆင်းရဲကျပ်တည်းအောင် ပိတ်ဆို့ခိုင်းခဲ့တယ်။ ဒီကနေ့ နိုင်ငံတစ်ခုလုံး ငြိမ်းချမ်းဖွံ့ဖြိုးလာတာ ဘယ်သူတွေကြောင့်ဆိုတာ ခွဲခြားသိနေပြီးသားပါကွယ်။ ဒါ့ကြောင့် နိုင်ငံတည်ငြိမ် လုံခြုံအေးချမ်းသာယာ ဖွံ့ဖြိုးစေမယ့် အခြေခံဥပဒေ (၂၀၀၈) မူကြမ်းကို မေလ (၁၀)ရက်နေ့မှာ ပြည်သူတို့ရဲ့ထောက်ခံဆန္ဒမဲနဲ့ အတည်ပြုကြတော့မယ်။ ပြည်သူက လက်တွဲခေါ်တာမလိုက်ဘဲ ဆုတ်ကန်ဆုတ်ကန်လုပ်နေရစ်မယ်ဆိုရင်တော့ သူတို့သမိုင်းသူတို့ ရေးသားတာလို့ ဆိုရမှာပေ့ါ။

**(မောင်ကာဠု)** အခုတလော နယ်ချဲ့ပါးစပ်ပေါက်၊ ပုဆိန်ရိုးပါးစပ်ပေါက်တွေကတော့ အခြေခံဥပဒေသစ်ကို ကန့်ကွက်ရမယ်လို့ အော်ဟစ်နေကြတာ ကြားနေရတယ် အဘိုးရယ်။ ၅၆ သန်းသော တိုင်းရင်းသားပြည်သူတွေ အကြားမှာ အဖျက်လုပ်ရပ်၊ အဖျက်လုပ်ဇာတ် ခင်းနေသူတွေက ဘယ်လောက်ခုန်ခုန် ဖုန်မထနိုင်ပါဘူး အဘိုးရယ်။

**(အဘိုး)** ဟုတ်ပါ့မလား မောင်ကာဠုရဲ့။

**(မောင်ကာဠု)** ဒါ့ထက်တောင်ပိုသေး။

# ရထားပို့ဆောင်ရေးဝန်ကြီးဌာန နှစ်သစ်မင်္ဂလာပရိတ်တရားတော်နာ အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၉**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန နှစ်သစ်မင်္ဂလာ ပရိတ်တရားတော်နာ အခမ်းအနားကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်) မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ နေပြည်တော်ပျဉ်းမနားမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သံလမ်းကျောင်းတိုက်ဦးစီးပဓာနနာယက ဘဒ္ဒန္တဉာဏဝံသထံမှ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဇနီးဒေါ်ဝေဝေသော၊ ဒုတိယဝန်ကြီး များဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွက်ပွားသရဇ္ဈာယ်ကြသည်။

**ပရိတ်တရားတော်နာယူ**

**ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဇနီးဒေါက်တာဒေါ်ဝေဝေသော တို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန နှစ်သစ်မင်္ဂလာ ပရိတ်တရားတော်နာ အခမ်းအနားတွင် အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြစဉ်။**

(ရထား)

ထို့နောက် ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး (ငြိမ်း) ဗိုလ်မှူးကြီးမောင်ချို (၁၁)နှစ်ပြည့်အား ရည်စူး၍ ဇနီး ဒေါ်ခင်မမ၊ သမီး မသန္တာချို၊ သား ကျော်စိုး၊ သမီး မသီနွယ်ချိုဦး၊ တေဇတင်ထွန်းနှင့် မြေးများက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးနှင့် စစ်ကိုင်းတောင်ရိုး ဓမ္မနာဒကျောင်းဆရာတော် နဝကမ္မနှင့် ကထိန်ပွဲအတွက် အလှူငွေကျပ် ၁၁ သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တီ-နီ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ် လှူဒါန်းစဉ်။** (ကြေးမုံ)

# ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၁၉**

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ နဝမအကြိမ်မြောက် အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို (၁၃၇၀ ပြည့်နှစ် မြန်မာနှစ်ဆန်းတစ်ရက်) ဧပြီ ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မဟာဝိဇယကုန်းမြေရှိ ပို့ဆောင်ရေး ဝန်ကြီးဌာန ဓမ္မာရုံ၌ကျင်းပရာ အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်က အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ပွဲရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သက်ကြီး အဘိုး၊ အဘွားများအား ဒုတိယဝန်ကြီးနှင့် ဇနီး ဒေါ်ဝေဝေ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပရိသတ်များက ဩဝါဒခံကန်တော့ချီးဖြင့် ရှိခိုးကန်တော့ကြပြီး အဘိုး၊ အဘွားများအား ဂါရဝပြုပစ္စည်းများကို ပေးအပ်ကြသည်။

ယင်းနောက် ကန်တော့ခံသက်ကြီး အဘိုး၊ အဘွားများကိုယ်စား အဘိုး ဦးဘသွင်က ဆုတောင်းပတ္ထနာမေတ္တာပို့သဝမ်းမြောက် စကားများ ပြောကြားပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်နှင့် ဇနီး ဒေါ်ဝေဝေတို့ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ နဝမအကြိမ်မြောက် အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားတွင် အဘိုး၊ အဘွားများအား ဂါရဝပြုပစ္စည်းများ ပေးအပ်စဉ်။**

(သတင်းစဉ်)



**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက သင်္ကြန်အကြိုနေ့မှ မြန်မာနှစ်ဆန်းတစ်ရက်နေ့အထိ ဘိုးဘွားများအား အထူးအာဟာရ ကျွေးမွေးခြင်းနှင့် ငွေပဒေသာပင်ငွေကျပ် ၄၇၂၉၈၀၀ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း) ထံပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)

**ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီ မနောရမ္မ လေးထပ် သိမ်ကျောင်းတော်ကြီးအတွက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တနန္ဒိယထံသို့ ညောင်ပင်လေးဈေးပလာဇာ (၅-လွှာ)မှ ကိုမောင်မောင်လတ်-မမိုးမိသားစုက အလှူငွေကျပ် ငါးသိန်း ဆက်ကပ်လှူဒါန်းစဉ်။**

(က-ပ)

**ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဦးစီးပြီး ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ရပ်မိရပ်ဖနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းကာ အသက် (၇၈)နှစ်နှင့်အထက် အဘိုး၊ အဘွားများ ပူဇော်ကန်တော့ပွဲကို (၃၇) ရပ်ကွက် သာသနာ့ရက္ခိတဓမ္မာရုံ၌ ဧပြီ ၁၈ ရက်က ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ကြီးက ကန်တော့ရခြင်းအကြောင်း ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်ပြန်/ဆက်)

# ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေး စစ်ဆေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**ရန်ကုန် ဧပြီ ၁၉**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ရန်ကုန်တိုင်းဦးစီးမှူး ဦးကံညွန့် ဦးဆောင်သောအဖွဲ့သည် ရန်ကုန်တိုင်း ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့ဖြင့် ပူးပေါင်း၍ မတ် ၁၉ ရက်က ဒဂုံဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း၌ ဧရာဝတီတိုင်းသို့ ထွက်ခွာမည့် ခရီးသည်တင်ယာဉ်နှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်ကြံ့ခိုင်မှု ရှိ၊ မရှိ၊ အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာရေးနှင့် သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိ၊ မရှိတို့ကို စစ်ဆေး ၍ ပညာပေးအရေးယူဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဦးစီးမှူး ဦးကံညွန့်သည် ရန်ကုန်တိုင်း ခရိုင်ရုံးမြောက်ပိုင်းမှ ခရိုင်ဦးစီးမှူး ဦးသိန်းဦး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်း ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နုနုသန်း၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး မြင့်အောင်တို့နှင့်အတူ ဒဂုံဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း ကွပ်ကဲမှုရုံးခန်းမ(လှိုင်သာယာ)၌ ယာဉ်လိုင်းတာဝန်ခံများ၊ ဂိတ်တာဝန်ခံများ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၆၆ ဦးတို့အား ယာဉ်မတော်တဆမှု လျော့နည်း ပပျောက်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ ယာဉ်ကြံ့ခိုင်မှုအတွက် မော်တော်ယာဉ်အား အစဉ်ပြုပြင်ထားရန် လိုအပ်ချက်များ အားပညာပေးဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# ရတနာပုံမြို့သစ် စီမံကိန်း အကောင်အထည်ဖော်သည့်နေရာသည် တောင်ပေါ်စခန်းနေရာမျိုးဖြစ် ရာသီဥတုကောင်းမွန်ခြင်း၊ ဆက်သွယ်သွားလာရန် လွယ်ကူခြင်းတို့ကြောင့် တိုးတက်မှုလျင်မြန်မည်

✧ **ကျောဖုံးမှ**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးမြို့တော် စည်ပင်သာယာ ရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားရာ၌ နိုင်ငံတော်၏ လမ်းညွှန်မှုများနှင့်အညီ သတင်းနှင့် ဆက်သွယ်ရေး နည်းပညာကို အခြေခံသည့် တောင်ပေါ်ရတနာပုံ မြို့သစ်စီမံကိန်းကို မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်၌ မိမိတို့ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိ ကြောင်း။

ဧကတစ်သောင်းကျယ်ဝန်းသည့်မြေနေရာ၌စီမံကိန်း လုပ်ငန်းများကို စတင် အကောင်အထည်ဖော်လျက်ရှိ ကြောင်း၊ ပြီးခဲ့သည့် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် မြို့သစ်တည်ဆောက်ရေးစီမံကိန်းများအနက် အဓိက အဆောက်အအုံများပြီးစီးပြီဖြစ်၍ ပဏာမ ဖွင့်ပွဲ အခမ်း အနားကို ကျင်းပခဲ့ပြီးလည်းဖြစ်ကြောင်း။

ရတနာပုံမြို့သစ်စီမံကိန်း၌ လာရောက်ရင်းနှီးမြှုပ်နှံ ကြသည့် စီးပွားရေးလုပ်ငန်းရှင်များအတွက် လိုအပ်သည့် လုပ်ငန်းအဆောက်အအုံများ၊ဝန်ထမ်းအိမ်ရာများ၊အခြား ပုဂ္ဂလိကလာရောက်နေထိုင်လိုသူများအတွက် အိမ်ရာ များကို အကွက်ကျကျ တည်ဆောက်သွားနိုင်ရန် မြေနေရာများ စီစဉ်ချထားပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲကလည်း ရတနာပုံမြို့သစ် မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သည့်လမ်းညွှန်မှုများကို ပေးထားပြီးဖြစ်ကြောင်း။

ရတနာပုံမြို့သစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်နေရာသည် တောင်ပေါ်စခန်း နေရာမျိုးဖြစ်ပြီး ရာသီဥတု ကောင်းမွန်ခြင်း၊ ဆက်သွယ် သွားလာရန် လွယ်ကူခြင်း စသည့် အချက်များကြောင့် ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်မည့် စီမံကိန်းနေရာ ဖြစ် ကြောင်း။

စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင် ရွက်ရာ၌ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် စီးပွားရေး လုပ်ငန်းရှင်များသည် အဆက်အစပ်ရှိရှိ ပူးပေါင်းဆောင် ရွက်သွားကြရန်ဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

အား ဖိတ်ခေါ်၍ အိမ်မြေရာကွက်များကို စနစ်တကျ ဖော်ထုတ်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရက အခြေခံလိုအပ်ချက်များ ဖြစ်သည့် လမ်းများကောင်းမွန်အောင်၊ လျှပ်စစ်မီး၊ ရေ ရရှိအောင် ဖြည့်ဆည်းစီမံပေးထားပြီးလည်းဖြစ်ကြောင်း။

တည်ဆောက်ရေးလုပ်ငန်းများကို အကောင် အထည်ဖော်ဆောင်ရွက်ရာ၌အတွေ့အကြုံအများအပြား လည်း မိမိတို့ရရှိထားပြီးဖြစ်ကြောင်း။

အထူးသဖြင့် တိုးတက်မှု မြန်ဆန်သည့် နေပြည် တော်ရှိမြို့သစ်တည်ဆောက်ရေးလုပ်ငန်းများ၏ဖော်ထုတ် နေရာချထားမှုများကို နမူနာယူ၍ မိမိတို့ဒေသ အခြေ အနေနှင့်ကိုက်ညီအောင် နည်းလမ်းများရှာကြံ အကောင် အထည်ဖော်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေက ရတနာပုံ မြို့သစ် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ လမ်းညွှန်ချက်များနှင့်အညီ ဆောက်လုပ်ရေး လုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ လူနေ အိမ်ရာများကို ထူထောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း အကောင် အထည်ဖော်ဆောင်ရွက်ရသည့်ရည်ရွယ်ချက်များ၊ ပထမ အဆင့်စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ များ၊ ရတနာပုံမြို့သစ်၌ လာရောက်ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများနှင့် လုပ်ငန်းအမျိုးအစားများ၊ စီမံကိန်း၌ လမ်းများဖောက်လုပ်ပြီးစီးမှု၊မီး၊ရေရရှိမှုအခြေအနေများ၊ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အိမ်ရာ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ သည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရတနာပုံမြို့သစ်

**လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

အတွက် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရေ ဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေများ၊ ရေရရှိရေး စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က ရတနာပုံမြို့သစ် တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းများတွင် ညှိနှိုင်းတာဝန်ယူဆောင်ရွက် သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီး ရရှိရေး၊ တယ်လီဖုန်းရရှိရေး၊ မြေကွက်တိုင်းတာဖော် ထုတ်ရေးတို့နှင့် စပ်လျဉ်း၍ ဌာနအလိုက်တာဝန်ရှိသူ များက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင် မြင့်ဦးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ရတနာပုံမြို့သစ်ကို လှပပြီး ခေတ်မီအိုင်စီတီမြို့တော် အဖြစ်ပုံပေါ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြ ရန်ဖြစ်ကြောင်း၊ ယင်းသို့ အကောင်အထည်ဖော်ရာ၌ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု မရှိစေရေး အတွက်လည်း အလေးထားသွားကြရမည်ဖြစ်ကြောင်း။

**မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

အိမ်ရာများကို ဖော်ထုတ်တည်ဆောက်ရာ၌လည်း စည်ပင်သာယာ စည်းမျဉ်းစည်းကမ်းများနှင့် အညီ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင် ရွက်ရာတွင် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ညီလက်ညီ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြ ရန်ဖြစ်ကြောင်းဖြင့် နိဂုံးချုပ် အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၀-၄-၂၀၀၈ (တနင်္ဂနွေနေ့)**

**(၁၃၇၀ပြည့်နှစ်၊ ဦးတန်ခူးလပြည့်နေ့ (ဥပုသ်နေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်) ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၈း၃၀ ၄။ International News.
၉း၀၀ ၅။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။စစ်ချီတေး စစ်သည်တေး
၁၁း၁၅ ၂။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
၁၂း၁၀ ၃။ "မြတ်ဗုဒ္ဓ. . . မဇ္ဈိမ၏အနှိုင်းမဲ့ရတနာ"
၁း၅၅ ၄။ "စိတ်အားထက်သန်ဆန္ဒအမှန်"
၂း၀၀ ၅။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၅း၂၀ ၂။ ဆိုကြမယ်ပျော်ကြမယ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၃၀ ၄။ မိုးလေဝသအခြေအနေ
၇း၃၀ ၅။ "စိတ်အားထက်သန်ဆန္ဒအမှန်"
၇း၅၀ ၆။ "ဗုဒ္ဓဘာသာသာသနာ ရောင်ဝါနေသို့ လင်းစေသောဝ်"
၈း၀၀ ၇။ ပြည်တွင်းသတင်း
၈။ နိုင်ငံတကာသတင်းများ
၉။ မိုးလေဝသအခြေအနေ
၁၀။ "ခက်အောင်လုပ်နေသူများ"
၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း-၁၆)
၁၂။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၁၃။ အစီအစဉ်ပြီး၏။

● ဒီမိုကရေစီရရှိဖို့ မဲရုံသွား၍ မဲပေးစို့ ။

# ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)

သတင်းဆောင်းပါး – တင်မောင်(သတင်းစဉ်)
ဓာတ်ပုံ – မြန်မာ့သတင်းစဉ်

ဇီဝိတဒါန သံဃာ့ဆေးရုံ (မန္တလေး)ကို တွေ့ရစဉ်။

မြတ်စွာဘုရားရှင်သည် ရဟန်းတော်များအား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသည့် ပစ္စည်းလေးပါးကို အလှူခံခွင့်၊ သုံးဆောင်နိုင်ခွင့် ခွင့်ပြုတော်မူခဲ့သည်။

ထို့အပြင် မကျန်းမာသည့် ဂိလာနသံဃာတော်များအား ဆေးဝါးကုသကြရန်၊ ပြုစုစောင့်ရှောက်ကြရန် ညွှန်ကြားတော်မူရုံသာမက မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်လည်း သူနာပြုစုခြင်းဖြင့် လက်တွေ့နမူနာကောင်း ပြသတော်မူခဲ့သည်။

မကျန်းမာသည့် ဂိလာနသံဃာတော်များကို ဆေးဝါးကုသစောင့်ရှောက်ခြင်းသည် မြတ်စွာဘုရားရှင်အား လုပ်ကျွေးပြုစုရာရောက်ကြောင်း၊ မြတ်စွာဘုရားရှင်ကို ပြုစုလုပ်ကျွေးလိုသူသည် မကျန်းမာသည့် ဂိလာနပုဂ္ဂိုလ်အား ပြုစုလုပ်ကျွေးရမည်ဖြစ်ကြောင်း ဟောကြားတော်မူခဲ့သည်။

နိုင်ငံတော်အစိုးရသည် ဗုဒ္ဓသာသနာ ရောင်ဝါထွန်းလင်းတောက်ပလျက်ရှိသော ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ဗုဒ္ဓသာသနာ အဓွန့်ရှည် သန့်ရှင်းထွန်းကားပြန့်ပွားစေရေးအတွက် အားကြိုးမာန်တက် ထမ်းရွက်တော်မူနေကြသည့် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များ၏ ကျန်းမာရေးကို စောင့်ရှောက်နိုင်ရန် ရန်ကုန်မြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် တောင်ကြီးမြို့စသည်တို့တွင် သံဃာ့ဆေးရုံများ တည်ထောင်ဖွင့်လှစ်ပေးထားပြီး စေတနာရှင်ပြည်သူများနှင့်အတူ ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါသည်။

၂၀၀၈ ခုနှစ် ဧပြီလ ၁၈ ရက်တွင် ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သန်လျက်မော်တောင်ရပ်ကွက် ကန်တော်ကြီးကန်ပတ်လမ်း ပြည်ကြီးမွန် ဖောင်တော်ရှေ့၌ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။

ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်တင်ပြနိုင်ရန် ဧပြီလ ၁၈ ရက်နေ့ မွန်းလွဲပိုင်းတွင် ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)သို့ စာရေးသူ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)ပေါ်ပေါက်လာပုံနှင့် စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦးက ပြောပြရာတွင် နိုင်ငံတော်အကြီးအကဲသည် လွန်ခဲ့သော တစ်နှစ်ခန့်က ပြင်ဦးလွင်ခရီးစဉ်၌ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များ၏ ကျန်းမာရေးအတွက် မန္တလေးမြို့ရှိ ခုတင် ၄၀ဆံ့ သံဃာ့ဆေးရုံအပြင် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေးအတွက် သံဃာအပါး ၂၀၀ ခန့်နှင့် သီလရှင်အပါး ၅၀ ခန့်ကို ဝိနည်းတော်နှင့်အညီ အတွင်းလူနာအဖြစ် လက်ခံ ကုသပေးနိုင်မည့် ဧက ၄၀ ခန့်ရှိ မြေနေရာတစ်နေရာ ရွေးချယ်တင်ပြရန် တာဝန်ရှိသူများကို တာဝန်ပေးအပ်ခဲ့ကြောင်း၊ ထို့နောက် စစ်ကိုင်းမြို့၊ မန္တလေးမြို့၊ အမရပူရမြို့တို့နှင့်အနီးစပ်ဆုံး နေရာဖြစ်သည့် ယခုနေရာကို အတည်ပြုရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဆေးရုံ၏ ဧရိယာ အကျယ်အဝန်းမှာ ၃၉ ဒသမ ၈၄ ဧကရှိကြောင်း ပြောပြခဲ့သည်။

ဆေးရုံတည်ဆောက်ရေးအတွက် နိုင်ငံတော်ရှိ သက်ဆိုင်ရာအစိုးရဌာနများနှင့် မြို့မိမြို့ဖ စေတနာရှင်များက လိုအပ်သည့် ပစ္စည်းများ ပံ့ပိုးကူညီပေးခဲ့ကြောင်းလည်း သိရသည်။

ယခုအခါ အုပ်ချုပ်မှုရုံး၊ သံဃာပြင်ပလူနာဆောင်၊ သီလရှင်ပြင်ပလူနာဆောင်၊ သံဃာ ကုသဆောင်(၃၆)ခုတင်ဆံ့ (၅)ဆောင်နှင့် (၂၅) ခုတင်ဆံ့ (၂)ဆောင်၊ သီလရှင်ကုသဆောင်(၃၆) ခုတင်ဆံ့ (၂)ဆောင်နှင့် (၂၅)ခုတင်ဆံ့ (၁)ဆောင်၊ သံဃာခွဲစိတ်ဆောင်၊ အနီးကပ်ကြပ်မတ်ကုသခန်းနှင့်ဓာတ်ခွဲခန်း၊ သီလရှင်ခွဲစိတ်ဆောင်၊ အနီးကပ်ကြပ်မတ်ကုသခန်းနှင့်ဓာတ်ခွဲခန်းတို့အပါအဝင် ဆေးကုသဆောင်(၁၄)ဆောင်နှင့် အထောက်အကူပြုပစ္စည်းများပါရှိသော သံဃာ့ဆေးရုံကို ခေတ်မီဆေးရုံတစ်ခု၏ အင်္ဂါရပ်များနှင့်အညီ တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ သံဃာအပါး ၂၅၀ ခန့်နှင့် သီလရှင်အပါး ၁၀၀ ခန့် သီးသန့်စီ အတွင်းလူနာအဖြစ် တစ်ပြိုင်နက်တည်း တက်ရောက်ကုသနိုင်ကြောင်း၊ ခေတ်မီရောဂါရှာဖွေရေးအတွက် ကုသရေးပစ္စည်းကိရိယာများနှင့်လူနာတင်ယာဉ်တစ်စီး၊ ဆေးရုံသုံးမော်တော်ယာဉ်(၃)စီးတို့ကိုလည်း ဖြည့်ဆည်းပေးထားပြီးဖြစ်ကြောင်း သိရှိရသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)တွင် ခွဲစိတ်ကုသဌာန၊ ဖျားနာဌာန၊ မျက်စိရောဂါဌာန၊ နား၊နှာခေါင်း၊လည်ချောင်းရောဂါဌာန၊ အရိုး၊အကြော၊အဆစ်ရောဂါဌာန၊ ကလေးရောဂါဌာန၊ စိတ်ကျန်းမာရေးဌာန၊ အစာအိမ်နှင့်အူလမ်းကြောင်းဌာန၊နှလုံး၊ဦးနှောက်၊အာရုံကြောရောဂါဌာနတို့ ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆေးရုံ တက်ရောက်ကုသကြသော ဂိလာနသံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ကျန်းမာရေးနှင့်လိုက်လျောညီထွေစွာရှိမည့် ဆွမ်းဟင်းနှင့်ဖျော်ရည်များကို ဝိနည်းတော်နှင့်အညီ သတ်မှတ်ချိန်အတွင်း အဆင်ပြေစွာ ဘုဉ်းပေးနိုင်ရန် ဆက်ကပ်ခြင်း၊ အစောင့်အဖော်အဖြစ်ပါရှိသော သံဃာတော်နှင့်သီလရှင်များအား ဆွမ်း၊ ကွမ်းပြည့်စုံစေရန် ဆောင်ရွက်ခြင်းများကိုလည်း စီစဉ်ထားရှိကြောင်း သိရသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဒေသခံအငြိမ်းစား ဆေးဝါးကုသမှု ပါမောက္ခဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီးများအပါအဝင် စိတ်ကျန်းမာရေးဆရာဝန်ကြီးများလည်း ရှိမည်ဖြစ်သည်။

ဂိလာနသံဃာတော်နှင့် သီလရှင်များအထူးကုဌာနတွင် –

| | | |
|---|---|---|
| **တနင်္လာနေ့နံနက်ပိုင်း** | – | **(၉–၁၁)နာရီအထိ (မျက်စိ၊ ခွဲစိတ်၊ ဖျားနာ) (မှတ်ချက်။ခွဲရက်–အရိုး)** |
| **အင်္ဂါနေ့နံနက်ပိုင်း** | – | **(၉–၁၁)နာရီအထိ (အရိုး၊ မီးယပ်၊ အစာအိမ်နှင့်အူလမ်းကြောင်း) (မှတ်ချက်။ အထွေထွေခွဲစိတ်၊ မျက်စိ)** |
| **ဗုဒ္ဓဟူးနေ့နံနက်ပိုင်း** | – | **(၉–၁၁)နာရီအထိ (ဆီး၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ စိတ်ကျန်းမာ၊ သွားခံတွင်း) (မှတ်ချက်။ ခွဲရက်၊ မျက်စိ၊ သွားခံတွင်း)** |
| **ကြာသပတေးနေ့နံနက်ပိုင်း** | – | **(၉–၁၁)နာရီအထိ (အရိုး၊ မီးယပ်အားဆေး၊ သွားခံတွင်း) (မှတ်ချက်။ ဆီး၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားခံတွင်း)** |
| **သောကြာနေ့နံနက်ပိုင်း** | – | **(၉–၁၁)နာရီအထိ (အရိုး၊ မီးယပ်အားဆေး၊ သွားခံတွင်း) (မှတ်ချက်။ ခွဲရက်၊ ခွဲစိတ်၊ ဆီး)** |

စသည်ဖြင့် သတ်မှတ်နေ့ရက်အတိုင်း ဆရာဝန်ကြီးများက အလှည့်ကျ ဆေးကုသမှုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆရာတော်၊ သံဃာတော်ကြီးများအနေဖြင့် လူပုဂ္ဂိုလ်များ၏ ဆေးရုံများတွင် တက်ရောက်ပြီး တစ်မိုးတစ်ရံအောက်၌ ဆေးဝါးကုသမှုခံယူရာတွင် ဝိနည်းတော်အရ အာပတ်သင့်မည်ကို စိုးရွံ့တော်မူကြသဖြင့် မကျန်းမာသော်လည်း ဆေးဝါးကုသမှုခံယူရန် ဝန်လေးနေကြသည့်အခြေအနေကို နိုင်ငံတော်အကြီးအကဲက သိရှိပြီး ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် စေတနာ သဒ္ဓါတရားထက်သန်စွာ စီစဉ်စီမံတည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ဇီဝိတဒါနသံဃာ့ဆေးရုံ (မန္တလေး)ပေါ်ပေါက်လာသည့်အတွက် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအားလုံးသာဓုခေါ်ဆိုမည့် အလှူဒါနဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဇီဝိတဒါနသံဃာ့ဆေးရုံ (မန္တလေး) ၏ ဆေးရုံ အတွင်းပိုင်းကို တွေ့ရစဉ်။
(ဝဲပုံနှင့်ယာပုံ)

# ● နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

## ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လာအိုနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၁၉

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဘွန်ခတ် ဆန်ဆွန်ဆက်ခ်၏ ဖိတ်ကြားချက်အရ ဧပြီ ၁၀ရက်မှ ၁၆ ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့နှင့် လွမ်ဖရာဘန်မြို့သို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်နှင့် မြန်မာ-လာအိုနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပြီးနောက် ဧပြီ ၁၆ရက် နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။**



မြန်မာ-လာအိုနှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁၁ ရက်တွင် ကျင်းပရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် ဆွေးနွေးကြပြီး ယခင် ပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကို တိုးမြှင့်ရန် နည်းလမ်းများ ရှာဖွေဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယင်ကျန်းမြို့၌ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာထောင်လွန်းဆီ ဆူလစ်အား ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လွမ်ဖရာဘန်မြို့သို့ သွားရောက်၍ လာအိုရိုးရာသင်္ကြန် ဆင်နွှဲကျင်းပမှုနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများကို ကြည့်ရှုလေ့လာပြီး မြန်မာနိုင်ငံ ပုဂံမြို့နှင့် လာအိုနိုင်ငံ လွမ်ဖရာဘန်မြို့တို့အကြား ညီအစ်မမြို့တော်သတ်မှတ်ရေး အခြေအနေများကို တာဝန်ရှိသူများနှင့် လေ့လာဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ဒုတိယဝန်ကြီး ဦးကျော်သူသည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ထောင်စင် ထန်မာဗုန်းနှင့် ဒုတိယဝန်ကြီးချုပ် မစ္စတာ ဆွန်ဆာဗတ်လင်ဆာဗတ်တို့အားလည်း လွမ်ဖရာဘန်မြို့၌ တွေ့ဆုံ၍ ဂါရဝပြုခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

### ဂါရဝပြုတွေ့ဆုံ

**နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာထောင်လွန်းဆီဆူလစ်အား ဂါရဝပြုတွေ့ဆုံစဉ်။**

(နိုင်ငံခြားရေး)

## ပုသိမ်အသင်း(ရန်ကုန်) ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၁၉**

၂၀၀၈ခုနှစ်တွင် နိုင်ငံတော်မှချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရရှိသော ပုသိမ်ခရိုင်အတွင်းမှ ဆရာတော်ကြီး ခုနစ်ပါးနှင့် လူပုဂ္ဂိုလ်နှစ်ဦး တို့အား ပုသိမ်အသင်း(ရန်ကုန်)က ဂုဏ်ပြုချီးကျူးပူဇော်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရောဝတီတိုင်းမေ ဂရုံ၌ ဧပြီ ၆ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ**(အပေါ်ပုံ)** အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသထံမှ ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခုနစ်ပါးနှင့် လူပုဂ္ဂိုလ် နှစ်ဦးဖြစ်သော အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်းနှင့် သုဓမ္မမဏိဇောတဓရ ဒေါ်ယဉ်ယဉ်နုတို့အား ပုသိမ်အသင်း(ရန်ကုန်) အမှုဆောင်များနှင့် အလှူရှင်များက ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြကြောင်းသိရှိ ရသည်။

(သတင်းစဉ်)

## ကျောက်ချောကတ္တရာလမ်း အဆင့်မြှင့်ခင်းကျင်း

**ရန်ကုန် ဧပြီ ၁၉**

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကဦးဆောင်၍ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်များအလိုက် ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများစဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက် သုမာလာလမ်းအား ကျောက်ချောကတ္တရာအဖြစ် အဆင့်မြှင့်ခင်းရန် ဆောင်ရွက်နေမှုကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သွားရောက်ကြည့်ရှုစစ်ဆေးအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည်အဆိုပါရပ်ကွက်ရှိဘုန်းတော်ကြီးကျောင်းများမှ ဆရာတော် သံဃာတော်များ၊ ရပ်မိရပ်ဖများ၊ ပြည်သူများအားတွေ့ဆုံကာ ပြည်သူများကျန်းမာရေးစောင့်ရှောက်မှုအတွက် အခမဲ့ဆေးကုသနိုင်ရန် ဖြိုးစေတနာ အခမဲ့ဆေးကုခန်း ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည့် အစီအစဉ်များ ဆွေးနွေးပြောကြားသည်။

မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ကျောက်ချော ကတ္တရာ ခင်းကျင်းနေသည့် သုမာလာလမ်းသည် အမှတ်(၂)ရပ်ကွက်အတွင်းရှိ အာသာဝတီလမ်းမကြီးနှင့် သုဇာတာလမ်းမကြီးတို့၏ ဆက်စပ်လမ်းဖြစ်၍ ရပ်ကွက်အတွင်း သွားလာမှု အဓိကကျသော လမ်းတစ်လမ်းဖြစ်သည်။ လမ်းအရှည် ပေ ၁၆၅၀၊ အကျယ် ၁၂ ပေရှိ ကျောက်ချောကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်ပြီးစီးပါက ပြည်သူများ ရာသီမရွေး စိတ်ချမ်းမြေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (၁၉)

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သုမာလာလမ်းကျောက်ချောကတ္တရာခင်းကျင်းရန် ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုပြီး ရပ်ကွက်ပြည်သူများအား တွေ့ဆုံနှုတ်ဆက်စဉ်။** (၁၉)

## မေလ နွေပညာဒါန သင်တန်းဖွင့်မည်

**ရန်ကုန် ဧပြီ ၁၉**

ရန်ကုန်တိုင်း တာမွေမြို့နယ် (က/ဂ) ရပ်ကွက် ၁၅၄ လမ်းထိပ် နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးအနီးရှိ မင်္ဂလာ ဇေယျာပရိယတ္တိစာသင်တိုက်ကြီးတွင် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသြဘာသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ကို အမှူးထား၍ ပညာဒါနဆရာတော် အရှင်ကဝိဓဇ (B.Com)က တာဝန်ယူကာ မေလ နွေအင်္ဂလိပ်စကားပြော သင်တန်းကို မေ ၃ ရက်မှစ၍ စနေ၊ တနင်္ဂနွေနေ့တန်းခွဲ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် ဘွဲ့ကြို၊ ဘွဲ့ရ၊ ဘွဲ့လွန်များအထိ တက်ရောက်နိုင်ကြောင်းနှင့် သင်တန်းနှင့်ပတ်သက်၍ သိရှိလိုပါက ဖုန်း-၀၉၂၀-၄၅၂၆၀နှင့် ၅၄၅၅၂၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

**သင်္ကြန် အတက်နေ့က ပြင်ဦးလွင်မြို့ရှိ မဟာသင်္ကြန် ရေကစားမဏ္ဍပ်တွင် အဆိုတော်ခင်မောင်ထူး သီဆိုဖျော်ဖြေနေစဉ်။** (၅၄၆)

### ယနေ့ မိုးလေဝသအခြေအနေ (၁၉-၄-၂၀၀၈)

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

# မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီး နှစ်စဉ်ဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး စည်းကမ်းစနစ်တကျ လိုက်နာထိန်းသိမ်းခဲ့ကြသဖြင့် မှုခင်းဖြစ်ပွားမှု၊ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု အရေအတွက် သိသိသာသာလျော့နည်းကျဆင်းခဲ့

နေပြည်တော် ဧပြီ ၁၉

**ယခုနှစ် မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ အမျိုးသားရေးစရိုက်လက္ခဏာ ပြည့်ဝစွာ၊ ယဉ်ကျေးမှု အစဉ်အလာမပျက် နိုင်ငံတစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။**

သင်္ကြန်ကာလအတွင်း မလိုလားအပ်သော ဖြစ်စဉ်ဖြစ်ရပ်များ မဖြစ်ပေါ်စေရေးအတွက် ရုပ်မြင်သံကြားနှင့် သတင်းစာတို့မှတစ်ဆင့် သက်ဆိုင်ရာက ကြိုတင်သတိပေးနှိုးဆော်ချက်များကို သင်္ကြန်ရက်မတိုင်မီကပင် ထုတ်ပြန်၍ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခဲ့သည့်အပြင် သင်္ကြန်ပွဲတော်ကာလအတွင်း တာဝန်ရှိသူအသီးသီးတို့က စည်းကမ်း စနစ်တကျရှိစေရေး စည်းရုံးကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရိုးရာဓလေ့နှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ စည်းကမ်းတကျ ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။ သို့သော် အပျော်အပါးလွန်ကဲပြီး စည်းကမ်းလိုက်နာမှု အားနည်းသူအချို့ကြောင့် ယခုနှစ် သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှု သုံးမှု၊ ခိုက်ရန်ဖြစ်ပွားမှု ၂၄ မှု စုစုပေါင်း ၂၇ မှုဖြစ်ပွားခဲ့ပြီး လူနှစ်ဦးသေဆုံးကာ ၃၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးထိခိုက်ဒဏ်ရာရရှိသူများမှာ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူနှစ်ဦး၊ ဒဏ်ရာရရှိသူတစ်ဦး၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသူ ၃၁ ဦးတို့ဖြစ်ကြောင်း သိရှိရသည်။

သင်္ကြန်ပွဲတော်ကာလများအတွင်း သေဆုံးထိခိုက်ဒဏ်ရာရရှိမှုမှာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ လျော့နည်းကျဆင်းသွားကြောင်း၊ မှုခင်းဖြစ်ပွားမှုလည်း ကျဆင်းသွားကြောင်း၊ ၂၀၀၇ ခုနှစ် သင်္ကြန်ကာလတွင် သေဆုံးသူခြောက်ဦးနှင့် ဒဏ်ရာရရှိသူ ၇၁ဦးရှိကာ အမှုပေါင်း ၄၁ မှု ဖြစ်ပွားခဲ့သဖြင့် ယခုနှစ်နှင့် နှိုင်းယှဉ်ပါက သေဆုံးသူ လေးဦး၊ ဒဏ်ရာရရှိသူ ၃၉ ဦးနှင့် အမှုပေါင်း ၁၄ မှု လျော့နည်းသွားခဲ့ကြောင်း၊ ထိုကဲ့သို့ သိသိသာသာ လျော့နည်းကျဆင်းလာရခြင်းမှာလည်း ပြည်နယ်နှင့်တိုင်း အသီးသီးရှိ ပြည်သူလူထုအနေဖြင့် နှစ်စဉ်ဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး လိုက်နာရန် စည်းကမ်းများ၊ သတိပေးနှိုးဆော်ချက်များ၊ ရှောင်ကြဉ်ထိန်းသိမ်းရန်အချက်များကို အထူးအလေးထားလိုက်နာခဲ့ကြကာ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ မြန်မာ့ရိုးရာသင်္ကြန်ကို စည်းကမ်းတကျ ဆင်နွှဲခဲ့ကြ၍ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အင်္ဂလန် သုံးသင်းနဲ့ စပိန်တစ်သင်းဆုံတွေ့ကြမည့် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့(ဧပြီ ၂၃/၂၄)

ယခုနှစ်ချန်ပီယံလိဂ်တွင်အင်္ဂလန်လေးသင်းအနက်မန်ယူ၊ချယ်လ်ဆီးနဲ့လီဗာပူးတို့သုံးသင်းမှာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီး စပိန်မှ ဘာစီလိုနာ တစ်သင်းတည်းသာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ယခုနှစ် ချန်ပီယံလိဂ် ဗိုလ်လုပွဲကျင်းပမယ့် ရုရှားနိုင်ငံမော်စကိုမြို့ရှိ ပရိသတ် ၈၄၇၄၅ ဦးဆံ့တဲ့ လုဇ်နီကီကွင်းကြီးဆီကို အင်္ဂလန် တစ်သင်းနဲ့ စပိန် တစ်သင်းကပဲ သွားရောက်နိုင်မလား၊ ဒါမှမဟုတ် အင်္ဂလန်နှစ်သင်းပဲ သွားရောက်ယှဉ်ပြိုင်ရမလားဆိုတာ စောင့်ကြည့်ရတော့မှာပါ။

**ဘာစီလိုနာ - မန်ယူ**

အိမ်ရှင်ဘာစီလိုနာဟာ စပိန်လာလီဂါ ချန်ပီယံဖြစ်ဖို့ အလှမ်းဝေးသွားပါပြီ။ ဒါကြောင့် နည်းပြ ရီကတ်ဟာ ချန်ပီယံလိဂ်ကို အာရုံစိုက်လာတာကိုတွေ့ရပါတယ်။ အင်္ဂလန်ထိပ်သီး မန်ယူကတော့ ပရီမီယာလိဂ် ချန်ပီယံဖြစ်ဖို့ နီးစပ်နေပါပြီ။ ဒီနှစ်သင်းရဲ့ ကစားသမားအနေအထားကိုကြည့်ရင် ဘာကာ ဂိုးသမား ဗဲလ်ဒက်စ်ထက် မန်ယူဂိုးသမား ဗန်ဒါဆားက အများကြီးသာပါတယ်။ ဘာကာရဲ့ နောက်တန်းကသူရမ်၊ ဇမ်ဘရော့တာ၊ မီလီတိုနဲ့ အဘီဒဲယ်လ်တို့နဲ့ မန်ယူရဲ့ ဖာဒီနန်၊ ဘရောင်း၊ အီဗရာနဲ့ ဗီဒက်တို့ဟာ ခြေမတိမ်းမယိမ်းပါပဲ။ အလယ်တန်းမှာအက်ဒမီးလ်ဆင်နဲ့ ဇာဗီတို့ထက် ရော်နယ်ဒိုနဲ့ အန်ဒါဆန်တို့က သာပါတယ်။ ရှေ့တန်းကိုကြည့်ရင် ဘာကာမှာ အီတူး၊ ဟင်နရီ၊ မက်ဆီနဲ့ ကာကစ်တို့ ဂိုးသွင်းသေချာသလို မန်ယူက ရွန်နေးနဲ့ တီဗက်စ်တို့ကလည်းတိုးအားကောင်းတာကိုတွေ့ရပါတယ်။ ဒါကြောင့် ဒီပွဲဟာ အပြန်အလှန်ဂိုးသွင်းရင်း နှစ်ဖက်ပရိသတ်ကို ရင်ခုန်စေဦးမှာ ဖြစ်ပါတယ်။

**လီဗာပူး - ချယ်လ်ဆီး**

လီဗာပူးနဲ့ ချယ်လ်ဆီးတို့ဟာ ဆီမီးဖိုင်နယ်မှာ လေးနှစ်အတွင်း သုံးကြိမ်တိတိ ဆုံတွေ့ခြင်းဖြစ်ပါတယ်။ ချယ်လ်ဆီးနည်းပြဟောင်းမော်ရင်ဟို လက်ထက်မှာ လီဗာပူးနဲ့ချယ်လ်ဆီးတို့ ဆီမီးဖိုင်နယ်မှာ နှစ်ကြိမ်ဆုံတွေ့ခဲ့ရာ နှစ်ကြိမ်စလုံး လီဗာပူးက အနိုင်ယူနိုင်ခဲ့ပါတယ်။ ဒီနှစ်သင်းရဲ့ ကစားသမားစုဖွဲ့မှုကိုကြည့်ရင် လီဗာပူးဂိုးသမား ရေးနာထက် ချယ်လ်ဆီးဂိုးသမား ပီတာချက်ကပိုပြီး စိတ်ချရပါတယ်။ နောက်တန်းမှာ ဟစ်ပီယာနဲ့ ကာရေဂါတို့ ဦးဆောင်တဲ့ လီဗာပူးထက် ချယ်လ်ဆီးရဲ့ တယ်ရီနဲ့ကာဗယ်ဟိုတို့က အနည်းငယ်သာပါတယ်။ အလယ်တန်းမှာ ဂျရက်၊ မာရှေယာနိုနဲ့ ဘာဘယ်တို့ကို လမ်းပတ်၊ အက်ဆီယန်နဲ့ ဘောလက်တို့က ကောင်းကောင်းယှဉ်နိုင်ပါတယ်။ ရှေ့တန်းမှာ တောရက်စ်နဲ့ဒရောဘာတို့သာ ခြေမပေါ်ရင် ဒီနှစ်သင်းစလုံးဟာ ဂိုးရဖို့ခက်ခဲလေ့ရှိပါတယ်။ နည်းပြပိုင်းမှာ ချယ်လ်ဆီးနည်းပြ ဂရန့်ထက် လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ချန်ပီယံလိဂ်အတွေ့အကြုံ ပိုများပါတယ်။ ဒါပေမယ့် ကစားသမားအင်အားစုဖွဲ့မှုတောင့်တင်းတဲ့ ချယ်လ်ဆီးကြောင့် ဒီပွဲဟာ သရေနဲ့ပဲ အဆုံးသတ်သွားမယ်လို့ ထင်ပါတယ်။




## မိန်းမလှကျွန်း ဘေးမဲ့တောအတွင်း သစ်ခိုးခုတ်သူ မိကျောင်းကိုက်ခံရ၍ သေဆုံး

**ဘိုကလေး ဧပြီ ၅**

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်၊ မိန်းမလှကျွန်းဘေးမဲ့တော၊ ဒုံးချောင်းအတွင်း မတ် ၁၀ရက်က မိကျောင်းပုတ်ချ အကိုက်ခံရမှုဖြစ်စဉ် တစ်ခုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ မိန်းမလှကျွန်း ဘေးမဲ့တောအတွင်း သဘာဝသားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေစဉ် ဘိုကလေးမြို့နယ်၊ စက်ဆန်းကျေးရွာအုပ်စု၊ အေးချမ်းသာယာ ကျေးရွာနေထိုင်သူ ဦးစောလားစေး၊ ဦးနေလ၊ ဦးထွန်းရနှင့် မောင်မြင့်ဇော်တို့ လေးဦးအား မိန်းမလှကျွန်း ဘေးမဲ့တောအတွင်းမှ ခိုးခုတ်ယူလာသောသရောမျော ၂၇လုံးနှင့်အတူ ဖမ်းဆီးရမိသဖြင့် ရုံးသို့ ဖမ်းဆီးရမိသည့်လှေဖြင့် ခေါ်ဆောင်လာစဉ် နောက်ဆုံးမှ လိုက်ပါလာသူ မောင်မြင့်ဇော်အား မိကျောင်းက ပုတ်ချပြီးကိုက်သဖြင့် သေဆုံးသွားခဲ့သည်။ ဘိုကလေးရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၃/၂၀၀၈ ဖြင့် ဖွင့်လှစ်ဆောင်ရွက်ထားရှိပြီးကျန်သုံးဦးအား တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေ ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၆(ခ)အရအရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

မိန်းမလှကျွန်း ဘေးမဲ့တောသည် သဘာဝမိကျောင်းများထိန်းသိမ်းထားရှိသည့် နယ်မြေဖြစ်သဖြင့် တောအတွင်း ဝင်ရောက်ပါက မိကျောင်းအန္တရာယ်နှင့် ကြုံတွေ့နိုင်ကြောင်း သတင်းရရှိသည်။

(မြို့နယ်ပြန်/ဆက်)

## ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၁၉**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲကို ဧပြီ ၂၂ရက်မှ ၃၀ရက် အထိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ချောက်မြို့တွင် အမြင့်ဆုံးအပူချိန် စံချိန်သစ်တင်

**နေပြည်တော် ဧပြီ ၁၉**

ချောက်မြို့၏ ဧပြီ ၁၉ ရက် အမြင့်ဆုံးအပူချိန် ၄၆ ဒီဂရီစင်တီဂရိတ် ၁၁၄ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်သည် လွန်ခဲ့သော နှစ်ပေါင်း ၃၇နှစ်အတွင်း ယင်းမြို့၏ ဧပြီလအတွက် အမြင့်ဆုံးအပူချိန် စံချိန်သစ်ဖြစ်သည်။ ယခင် စံချိန်ဟောင်းမှာ ၄၃ ဒသမ ၈ ဒီဂရီစင်တီဂရိတ် ၁၁၀ဒသမ၈ ဒီဂရီဖာရင်ဟိုက်ဖြစ်ပြီး ၁၉၉၈ခုနှစ်၊ ဧပြီ ၁၄ရက်နှင့် ၂၀၀၇ခုနှစ် ဧပြီ ၃၀ရက်တို့တွင် တိုင်းထွာရရှိခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
## မြန်မာနိုင်ငံသည်ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းသောနိုင်ငံအဖြစ် ကြေညာချက်ထုတ်ပြန်ခြင်း
## (၂၀-၄-၂၀၀၈)

**၁။ မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှု**

(က) **ရန်ကုန်တိုင်းအတွင်း ရောဂါကျရောက်မှု။** ၂၈-၂-၂၀၀၇ နေ့ ရန်ကုန်တိုင်းတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့ပြီး ၂၁-၄-၂၀၀၇ နေ့ ထိန်းချုပ်နိုင်ခဲ့ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုးသည် ကြက်ဘဲထွက်ပစ္စည်း သယ်ယူပို့ဆောင်မှု လမ်းကြောင်းများမှတစ်ဆင့် ၃-၆-၂၀၀၇ နေ့ ပဲခူးတိုင်း (အရှေ့၊ အနောက်)နှင့် မွန်ပြည်နယ်များသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး ၉-၁၁-၂၀၀၇ နေ့ ထိန်းချုပ်နိုင်ခဲ့ပါသည်။

(ခ) **ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရောဂါကျရောက်မှု။** ၁၈-၁၁-၂၀၀၇နေ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့ကာ မိုင်းဖြတ်မြို့နယ်သို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး ၁၈-၁-၂၀၀၈ နေ့ ထိန်းချုပ်နိုင်ခဲ့ပါသည်။

(ဂ) **ရောဂါဖြစ်စဉ်များအပေါ် သုံးသပ်ချက်။** မြန်မာနိုင်ငံတွင် ကျရောက်ဖြစ်ပွားခဲ့သော ဗိုင်းရပ်စ်ပိုးမှာ H5N1 ဖြစ်ပြီး ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ကျရောက်ခဲ့သော ဗိုင်းရပ်စ်များ၏ မျိုးရိုးဗီဇဇာစ်မြစ်အုပ်စုကွဲနှင့် အမိုင်နိုအက်စစ်စဉ်တန်းများ သရုပ်ခွဲဆန်းစစ်ချက်အရ ရောဂါကျရောက်မှုဖြစ်စဉ် နှစ်ခုစလုံးသည် ပြည်တွင်း၌ဖြစ်ခဲ့ဖူးသော ရောဂါပိုးမှ ကူးစက်ခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံ၏ပြင်ပမှ ဝင်ရောက် ကူးစက်ခဲ့ကြောင်း သုံးသပ်ရရှိပါသည်။

၂။ **ရောဂါထိန်းချုပ်ပြီးနောက် ရောဂါစူးစမ်းရှာဖွေစစ်ဆေးမှု Post Outbreak Survellance (ရောဂါပိုးကြွင်းကျန်မှု၊ လည်ပတ်မှု ရှိ၊ မရှိဆန်းစစ်ချက်)**။ရောဂါထိန်းချုပ်ကာလ ၂၁ရက်ပြည့်ပြီးနောက် မြန်မာနိုင်ငံ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေမှု အထူးပြု တိရစ္ဆာန်ဆေးကုဆရာဝန်များသည် FAO, OIE အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် မွေးမြူရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ၁၉-၁-၂၀၀၈ နေ့မှစ၍ သုံးလအတွင်း ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ရောဂါပိုး အကြွင်းအကျန်ရှိ၊ မရှိ ရောဂါသဏ္ဌာန် လက္ခဏာစစ်ဆေးခြင်း၊ သွေးရည်ကြည် စစ်ဆေးခြင်း၊ ဗိုင်းရပ်စ်ရောဂါပိုး စစ်ဆေးခြင်း နည်းလမ်းများဖြင့် ရောဂါစူးစမ်းလေ့လာမှုပြုလုပ်ခဲ့ရာ ရောဂါပိုးကင်းရှင်းကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၃။ **မြန်မာနိုင်ငံသည် ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းသောနိုင်ငံအဖြစ် ကြေညာခြင်း။** ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ် (OIE)၏ ကုန်းသတ္တဝါဆိုင်ရာ တိရစ္ဆာန်ကျန်းမာရေး ကိုဥပဒေအပိုဒ် (၂-၇-၁၂-၄) ပြဋ္ဌာန်းဖော်ပြပါ ရောဂါဖြစ်ကြက်ငှက်နှင့် ကူးစက်ပျံ့နှံ့မှုအန္တရာယ်ရှိနိုင်သော ကြက်ငှက်များ သုတ်သင်ဖျက်ဆီး ရောဂါထိန်းချုပ် နိုင်ပြီးနောက် သုံးလအတွင်း ရောဂါကင်းရှင်းကြောင်း ကိုဥပဒေနောက်ဆက်တွဲ (၃-၈-၉)အရ ရောဂါစူးစမ်းရှာဖွေရေး နည်းလမ်းများနှင့်အညီ စစ်ဆေးအတည်ပြုပြီးဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းသောနိုင်ငံအဖြစ် ကြေညာချက်ကို၂၀-၄-၂၀၀၈ နေ့တွင်မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ်နှင့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့သို့ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များနှင့်အညီ အထောက်အထားအချက်အလက်များဖြင့် ပေးပို့ကြေညာပြီးဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန**
**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်
## (၂၀-၄-၂၀၀၈)

**၁။ မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုနှင့် ရောဂါကင်းရှင်းမှု**

(က) **ပထမအကြိမ် ကြက်တုပ်ကွေးဖြစ်ပွားမှုနှင့် ရောဂါကင်းရှင်းမှု။** ၈-၃-၂၀၀၆နေ့ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းတို့တွင် ကျရောက်ဖြစ်ပွားခဲ့ပြီး၊ ၄-၉-၂၀၀၆ နေ့ ရောဂါကင်းရှင်းနိုင်ငံအဖြစ် ကြေညာနိုင်ခဲ့ပါသည်။

(ခ) **ဒုတိယအကြိမ်နှင့် တတိယအကြိမ်ဖြစ်ပွားမှုနှင့်ရောဂါကင်းရှင်းမှု။** ၂၈-၂-၂၀၀၇နေ့ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်တွင်လည်းကောင်း၊ ၁၈-၁၁-၂၀၀၇နေ့ ရှမ်းပြည်နယ်(အရှေ့)ပိုင်းတွင်လည်းကောင်း ကျရောက်ဖြစ်ပွားခဲ့ပြီး ၂၀-၄-၂၀၀၈ နေ့ ရောဂါကင်းရှင်းနိုင်ငံအဖြစ် ကြေညာနိုင်ခဲ့ပါသည်။

(ဂ) **ရောဂါဖြစ်စဉ်များအပေါ် သုံးသပ်ချက်။** မြန်မာနိုင်ငံတွင်ကျရောက်ဖြစ်ပွားခဲ့သော $H_5N_1$ ဗိုင်းရပ်စ်များ၏ မျိုးရိုးဗီဇဇာစ်မြစ်အုပ်စုကွဲ သရုပ်ခွဲဆန်းစစ်ချက်အရ ရောဂါဖြစ်စဉ်သုံးခုစလုံးသည် ပြည်တွင်း၌ဖြစ်ပွားခဲ့သောရောဂါပိုးမှ ကူးစက်ခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံ၏ပြင်ပမှ ဝင်ရောက်ကူးစက်ကြောင်း သုံးသပ်ရရှိပါသည်။

**၂။ မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး။**

မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါထပ်မံမဖြစ်ပွားရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ကြက်၊ ဘဲ၊ ငှက်မွေးမြူထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူများနှင့် ပြည်သူလူထုအနေဖြင့် အောက်ဖော်ပြပါ ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းရပ်များတွင် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

(က) **တရားမဝင် တိရစ္ဆာန်ထွက်ပစ္စည်းများသုံးစွဲခြင်းမပြုရေး။** နည်းအမျိုးမျိုးဖြင့် တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသော ကြက်၊ ဘဲ၊ငှက် အရှင်များနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၊ ကြက်သားပေါက်များ၊ ကြက်ဥများ၊ ပြုပြင်ထုတ်လုပ်ထားသော ရေခဲစိမ်ကြက်သားများ၊ ကြက်တုပ်ကွေး ကာကွယ်ဆေးများအား သုံးစွဲခြင်းမပြုရန်နှင့် တားဆီးပိတ်ပင်ရေး ပူးပေါင်းဆောင်ရွက်ပါရန်။

(ခ) **ရောနှောမွေးမြူရေးစနစ်ပြောင်းလဲရေး။** တိုင်းရင်း ကြက်၊ ဘဲ၊ ငုံး၊ ငန်း၊ မန်ဒါလီ ရောနှောမွေးမြူခြင်းမပြုဘဲ ခွဲခြား၍ သီးခြားစီ တစ်နိုင်တစ်ပိုင်မွေးမြူရန်။

(ဂ) **ကြက်ဘဲအရှင်ရောင်းဝယ်မှုလုပ်ငန်း။** ကြက်ဘဲအရှင်ရောင်းဝယ်မှုလုပ်ငန်းနှင့် သတ်ဖြတ်ပြုပြင်လုပ်ငန်း ရောနှောခြင်းမရှိဘဲ သီးခြားဆောင်ရွက်ရန်။

(ဃ) **ဆောင်းခိုငှက်နှင့်ဒေသခံငှက်ရိုင်းများကျက်စားရာဒေသများ။** သီးခြားကန့်သတ်ထားရှိပြီး ၎င်းဒေသအတွင်း မွေးမြူရေးတိရစ္ဆာန်များမွေးမြူခြင်းမပြုရန်။

(င) **ဇီဝလုံခြုံမှုမြှင့်တင်ရေး**

(၁) တစ်နိုင် ကြက်၊ ဘဲ၊ ငုံး၊ မန်ဒါလီ၊ငန်းမွေးမြူရာတွင်စနစ်တကျခြံငယ်များဖြင့်တိရစ္ဆာန်တစ်မျိုးတည်းသာ သီးခြားဇီဝလုံခြုံမှုမြှင့်တင်မွေးမြူရန်။

(၂) ကြက်၊ ဘဲ၊ ငုံး၊ မန်ဒါလီ၊ ငန်းများအား လူနေအိမ်နှင့် တွဲဖက်မွေးမြူခြင်းမပြုဘဲ ခွဲခြား မွေးမြူရန်။

(၃) ကြက်၊ ဘဲ၊ ငုံး၊ မန်ဒါလီတိရစ္ဆာန်အရှင်များ ရောင်းဝယ်ဖောက်ကားသယ်ယူပို့ဆောင်ရာတွင် ရောနှောသယ်ယူခြင်းမပြုရန်၊ ဖောက်ထိုးသယ်ဆောင်ခြင်းသည် ကြက်နာ၊ ဘဲနာဖြစ်စေနိုင်ပြီး သယ်ဆောင်ရာလမ်းတစ်လျှောက် တိရစ္ဆာန်မစင်၊ ချွဲ၊ သွားရည်များ ကျရောက်ရောဂါပျံ့နှံ့ ကူးစက်နိုင်ကြောင်း ကြက်တုပ်ကွေး ကာကွယ်ရေးသတိဖြင့် ရှောင်ရှားရန်။

(၄) ကြက်ဘဲမွေးမြူထိန်းကျောင်းသူများလုပ်ငန်းခွင် အဝတ်အစားသီးခြားထားရှိပြီး တစ်ကိုယ်ရေ သန့်ရှင်းရေး ခြေ/လက်ဆေးကြောခြင်းများ ဂရုပြုဆောင်ရွက်ရန်။

(စ) **ဇီဝအန္တရာယ်ကင်းရှင်းရေး**

(၁) ရောဂါဖြစ်ပွားသည့် ကြက်ငှက်များနှင့် ၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများ ကြက်နာ၊ ဘဲနာများစားသုံးခြင်း၊ ရောင်းချခြင်းမပြုရန်။

(၂) ကြက်ငှက်အသေကောင်၊ စွန့်ပစ်ပစ္စည်းများကို ဆေးဖျန်း၊ မြေမြှုပ်၍ စနစ်တကျစွန့်ပစ်ရန်။

(၃) ကြက်သား၊ ဘဲသားများကို ပွက်ပွက်ဆူအောင်ချက်ပြုတ်စားသောက်ရန်။

(၄) ကြက်ဥ၊ ဘဲဥများကို အတွင်းအနှစ်ကျက်အောင် ပြုတ်/ကြော်/ချက်ပြီးမှစားသောက်ရန်။

(ဆ) **သတင်းပို့ရေး။** ကြက်၊ ဘဲ၊ ငုံး၊ မန်ဒါလီ၊ ငန်း စသည့်မွေးမြူရေးတိရစ္ဆာန်များ ဖျားနာသေဆုံးမှုရှိလျှင်သော်လည်းကောင်း၊ ငှက်ရိုင်းများထူးခြား သေဆုံးမှုရှိလျှင်သော်လည်းကောင်း ရိုးရိုးရောဂါဖြင့်သေဆုံးသည်ဟု သဘောမထားဘဲ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ သတင်းပို့ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**

# အရက်သောက်စား၍ ရေကစားရန် ငြင်းပယ်သဖြင့် ဓားထိုးမှုဖြစ်ပွား

**ရန်ကုန် ဧပြီ ၁၉**

အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) ရပ်ကွက်၊ က(၃)လမ်း၊ သစ်ထုတ်လုပ်ရေးဝန်ထမ်းအိမ်ရာနေ ညဏ်ထွန်း (၂၅)နှစ်သည် ဧပြီ ၁၅ ရက်နံနက် ၁၀နာရီခန့်တွင် ပြင်ပမှနေအိမ်သို့ ပြန်လာစဉ် လမ်းထိပ်အရောက်၌ သင်္ကြန်ရေကစားနေသူ တစ်ရပ်ကွက်တည်းနေ သန်းအောင် အပါအဝင် သုံးဦးက ၎င်းတို့နှင့်အတူ အရက်သောက်၍ ရေပက်ကစားရန် ပြောဆိုရာ ညဏ်ထွန်းက ငြင်းဆိုသဖြင့် ခိုက်ရန်ဖြစ်ပွားခဲ့သည်။ သန်းအောင် အပါအဝင် သုံးဦးအနက်မှ လှထွန်းဦး(စိစစ်ဆဲ)က ညဏ်ထွန်းကို ဓားဖြင့်ထိုးရာ ယာဘက်ခါးဆစ်ဘေး၌ ထိုးသွင်းဒဏ်ရာနှင့် မျက်နှာဖူးရောင်ဒဏ်ရာများ ရရှိသွားသဖြင့် အင်းစိန်ဆေးရုံ၌ အတွင်းလူနာအဖြစ် တင်ပို့ကုသထားသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ညဏ်ထွန်း၏ဖခင် ဦးဖိုးဆောင်းက အင်းစိန်ရဲစခန်း၌ အမှုဖွင့်တိုင်ကြားရာ ရဲစခန်းက (ပ)သတင်းချက်အမှတ် ၆၃၁/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆/၁၁၄အရ အမှုဖွင့် အရေးယူလျက်ရှိကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

# အမှတ်(၁၂၅)ခရီးသည်တင်ယာဉ်လိုင်းမှ ဒိုင်နာယာဉ် တိမ်းမှောက်

**ရန်ကုန် ဧပြီ ၁၉**

လှိုင်သာယာမြို့နယ် (၈)ရပ်ကွက် ရန်ကုန်-ညောင်တုန်းလမ်းတွင် ခရီးသည်တင်ယာဉ်လိုင်း အမှတ်(၁၂၅)မှ ဒိုင်နာ အမျိုးအစား ယာဉ်အမှတ် ၂က/၉၁၁၃ သည် ဧပြီ ၁၆ ရက် နံနက် ၄ နာရီက အောင်ဇေယျကြိုးတံတားဘက်မှ မီးခွက်ဈေးဘက်သို့ မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်သဖြင့် လမ်းဘေးမှ ကုက္ကိုပင်ကို ဝင်တိုက်၍ တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည် အမျိုးသား ရှစ်ဦး၊ အမျိုးသမီး နှစ်ဦးဒဏ်ရာရရှိခဲ့သဖြင့် လှိုင်သာယာဆေးရုံသို့တင်ပို့ခဲ့ရာ ဒဏ်ရာရသူများအနက် သုံးဦးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပို့ခဲ့သည်။ ယာဉ်မောင်း(စိစစ်ဆဲ)နှင့်ယာဉ်နောက်လိုက်တို့မှာ ထွက်ပြေး တိမ်းရှောင်လျက်ရှိပြီး ယာဉ်မှုစစ်ကအရေးယူရန် စုံစမ်း စစ်ဆေးလျက် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၂၀-၄-၂၀၀၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ မြန်မာသင်္ကြန်
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ အတူတူ မဲသွားပေးကြစို့
၁၃း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁၃း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၁၄း၀၀ ၈။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄း၃၀ ၆။ မြန်မာသင်္ကြန်
၄း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မြန်မာသင်္ကြန်
၆း၃၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ် ပညာ
၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံ လင်ရုပ်မြင်ဇာတ်လမ်း ချစ်သောဤကမ္ဘာ အပိုင်း(၅)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ ပဟေဠိနန်းတော်
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၂။ **ရသစုံ လင် ရုပ်မြင်ဇာတ်လမ်း သွေးသစ္စာဓား အပိုင်း(၁၁)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . . .
❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . . .
❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . . .
❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း . . .
❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . . .

**ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။**

● **ဒီမိုကရေစီ ထွန်းကားရေး အခြေခံဥပဒေ အတည်ပြုပေး။**

● မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။ ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

● **ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။**

● ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ရတနာပုံမြို့သစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

## ရတနာပုံမြို့သစ်ကို ခေတ်မီအိုင်စီတီမြို့တော်အဖြစ် ပုံပေါ်အောင်ကြိုးပမ်း သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု မရှိစေရေး အလေးထား

နေပြည်တော် ဧပြီ ၁၉

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်၌ တည်ဆောက်လျက်ရှိသည့် ရတနာပုံမြို့သစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁၈ ရက် မွန်းလွဲ ၁နာရီတွင် မန္တလေးမြို့ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကား ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

"ဟုတ်ပါ့မလား မောင်ကာဠုရဲ့ ဒါ့ထက်တောင် ပိုသေး"

မောင်ကာဠု၏ (ဆောင်းပါး) စာမျက်နှာ - ၆

**အခြေခံ ဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။**